ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၅ ခုနှစ်၊ ကဆုန်လကွယ်၊ ကြာသပတေးနေ့။ Thursday, 18 May 2023 ၁၁၀၉၉

ဆွေမျိုးတို့နှင့် နေရသက္ခဲသို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသက္ခဲသို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသက္ခဲသို့ ချမ်းသာ၏။

သုဓ၀ဂ်(ဓမ္မပဒ-၂၀၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၆။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

စစ်တွေ မေ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိပြီး တပ်မတော်ကမ်းထိုးယာဉ်ဖြင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ ပေးပို့မည့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ရေသန့်စင်စက်ရုံပါ ရေသယ်ယာဉ် နှစ်စီး၊ ဆန်၊ ဆီနှင့် ရိက္ခာများ၊ အမိုးအကာနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ တင်ဆောင်နေခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် သင်္ကြန်ပြင်ကျေးရွာ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းဒဏ်ကြောင့် ခိုလှုံရောက်ရှိနေကြသော ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး ဆန်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများ စစ်တွေမြို့ ရွှေမင်းဂံဆိပ်ကမ်း၌ တပ်မတော်ကမ်းထိုးယာဉ်ဖြင့် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ ပေးပို့မည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယနေ့ ဖတ်စရာ

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စစ်တွေမြို့မှ ဒေသခံပြည်သူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အနုပညာရှင်များ လာရောက်အားပေးတွေ့ဆုံ

စာမျက်နှာ » ၁၁

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၇

ကြေးမုံ

မုန်တိုင်းသင့်ပြည်သူများအား အလျင်အမြန်ပြန်လည်ထူထောင်ပေး

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများမှ စစ်တွေမြို့အနီး ဖြတ်ကျော်တိုက်ခတ်စဉ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် မုန်တိုင်းသင့်ဒေသများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများ ရောက်ရှိစေရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းစတင်ဝင်ရောက်သည့် မေလ ၁၄ ရက်နေ့တွင် သေဆုံးသူနှစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၈ ဦးရှိကြောင်း ကနဦးသတင်းများအရသိရှိပြီးနောက် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အသေးစိတ်ထပ်မံစစ်ဆေးခဲ့ရာ မေလ ၁၅ ရက်နေ့ညပိုင်းအထိ ကောက်ယူရရှိသော စာရင်းများအရ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတို့တွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုများမှာ ရပ်ကွက်/ကျေးရွာ ၇၆၉ ရွာမှ လူနေအိမ် ၁၁၅၃၂ လုံး၊ သာသနိကအဆောက်အအုံ ၇၃ လုံး၊ ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်း၊ စာသင်ကျောင်း ၁၆၃ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ လမ်းမီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေးတစ်ခု၊ လေဆိပ်နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အုံ ၁၁၂ လုံး ပျက်စီးခဲ့ပြီး မုန်တိုင်းတိုက်ခတ်နေစဉ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၁ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သက်ရောက်မှု၊ ထိခိုက်မှုတို့ကို မမျှော်မှန်းနိုင်သည့်ကိစ္စဖြစ်သည်။ သို့သော်လည်း ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မှု ကောင်းသောကြောင့် ပျက်စီးဆုံးရှုံးမှုများခဲ့သော်လည်း ပြည်သူများသေဆုံးထိခိုက်မှုများကို ယခင်အလားတူမုန်တိုင်းတိုက်ခတ်မှုနှင့်နှိုင်းယှဉ်လျှင် သိသာစွာလျှော့ချနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဆက်လက်၍ပေါ်ထွက်လာမည့် ထပ်တိုးစာရင်းများအရ အပျက်အစီးနှင့်ဆုံးရှုံးမှုများ တိုးနိုင်ပေသေးသည်။ သဘာဝဘေးအန္တရာယ်ကို မည်သို့ပင်ကြိုတွေ့ရသော်လည်း စည်းလုံးညီညွတ်မှုနှင့် စနစ်တကျကြိုတင်ပြင်ဆင်နိုင်မှုစွမ်းပကားများဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

သဘာဝဘေးအန္တရာယ် ထိခိုက်ခံခဲ့ရသည့် ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်နှင့် ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။ တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများကလည်း အားတက်သရော ပါဝင်ကူညီလှူဒါန်းကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

နိုင်ငံတော်တွင် အခက်အခဲအကျပ်အတည်းနှင့် စိန်ခေါ်မှုများကြားမှ လိုအပ်ချိန်တွင် ချက်ချင်းပါဝင်လှူဒါန်းနိုင်ကြခြင်းသည် နိုင်ငံ၏စီးပွားရေးပြန်လည်ကောင်းမွန်လာမှုနှင့် အလှူရှင်များ၏ စိတ်စေတနာနှင့် စီးပွားရေးကောင်းမွန်မှုတို့ကြောင့်ဖြစ်သည်။ လှူဒါန်းမှုအစုစုတို့ကို ရခိုင်ပြည်နယ်သာမက အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ခွဲဝေပို့ဆောင်ပေးမည်ဖြစ်သည်။ မုန်တိုင်းသင့်ပြည်သူများအတွက် တစ်ဦးတစ်ယောက်မျှမကျန်ရှိစေဘဲ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်အလှူရှင်များက မေလ ၁၅ ရက်နေ့လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း ၁၃၁၈၀ ဖြစ်ပြီး ဆက်လက်၍လည်း လှူဒါန်းမှုများ အဆက်မပြတ်ရှိနေသည်။

သို့ဖြစ်ရာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း တိုင်းပြည်အတွက် လိုအပ်လာချိန်တွင် နိုင်ငံတော်အစိုးရ၏ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်မှုနှင့် စည်းလုံးညီညွတ်မှု၊ မြန်မာအချင်းချင်း ရိုင်းပင်းကူညီ စေတနာထားရှိမှုတို့ဖြင့် မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

ပညာရေး ညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ် ၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ

နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်တန်းများအားလုံး ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြိုသင်တန်းများအားလုံးကို (၁-၆-၂၀၂၃) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်လက်မှတ်ခြင်းကို (၂၃-၅-၂၀၂၃) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

မာန်အောင်မြို့နယ် မေယရှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းက စုဆောင်းငွေပေါ်အတိုး ထုတ်ပေး

မာန်အောင် မေ ၁၇

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မေယရှေ့ဆောင်ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယခြောက်လအတွက် စုဆောင်းငွေပေါ်အတိုး ထုတ်ပေးခြင်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခ၌ ကျင်းပရာ အသင်းသား ၆၆၇ ဦး၏ စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၂၁၀ ဒသမ ၄၁၆ သိန်းအား အသင်းသားများသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၅ -၂၀၂၃)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၀၀၀	၈,၀၀၀	၂၅၆	၂,၀၆၃,၄၀၀
MTSH	၂,၇၅၀	၂,၈၀၀	၁၄၄	၄၀၂,၉၀၀
MCB	၇,၀၀၀	၇,၀၀၀	၀	၀

FPB	၁,၄၅၀	၁,၄၅၀	၁၀,၁၂	၁၄,၆၇၈,၂၅၀
TMH	၂,၅၀၀	၂,၅၀၀	၀	၀
EFR	၂,၅၅၀	၂,၅၅၀	၀	၀
AMATA	၄,၇၀၀	၄,၇၀၀	၁၉၈	၉၃၀,၆၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၇

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က)အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၇၄.၂
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၀.၂၁
(ဃ) ထိုင်း	တစ်ဘတ်	=	၆၁.၂၉၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၄.၁၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၄၉၂
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၉၆.၄
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၆၃.၅
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၃၄.၁
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၇.၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၇

ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လှူဒါန်းရာတွင် လွယ်လင့်တကူ လှူဒါန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနခ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဘေးဒဏ်သင့်ဒေသများ၌ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း/ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ပစ္စည်းများလက်ခံရယူရေး၊ ဖြန့်ခွဲရေးနှင့်စပ်လျဉ်း၍ အဖွဲ့များဖွဲ့စည်းကာ စနစ်တကျ လက်ခံဖြန့်ခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလှူငွေများနှင့်စပ်လျဉ်း၍လည်း ပြည်တွင်း/ပြည်ပမှ စေတနာရှင်များ ပေးပို့လှူဒါန်းနိုင်သည့် ငွေစာရင်းအမှတ်များကို အများပြည်သူသိရှိစေရေး ကြေညာဆောင်ရွက်ထားကြောင်း၊ သို့ရာတွင် ဘေးသင့်သူများ၊ ဘေးဒဏ်သင့်ဒေသများအပေါ် စာနာထောက်ထားသော မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားထက်သန်မှု၊ ကူညီဆောင်ရွက်လိုမှုစိတ်ထားများအရ ငွေကြေးလှူဒါန်းမှု အနည်းအများမဆို လွယ်ကူစွာလှူဒါန်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အများပြည်သူ လွယ်ကူစွာလှူဒါန်းနိုင်ရေး နည်းလမ်းများစဉ်းစားရာတွင် ဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ရန်လည်း လိုကြောင်း၊ ဥပဒေနှင့်အညီ အမြန်ဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ဘဏ်များသို့ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်မှု၊ စာရင်းပြောင်းနည်းလမ်းဖြင့် လှူဒါန်းနိုင်မှုအခြေအနေများ၊ အများပြည်သူ လွယ်ကူစွာ သိရှိနားလည်နိုင်ရေး အသိပေးကြေညာ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက နိုင်ငံခြားငွေ၊ မြန်မာငွေ လှူဒါန်းနိုင်မည့်/ လက်ခံရယူနိုင်မည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်မြန်ဆန်စေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မိုခါ(MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်သူများအတွက် အများပြည်သူမှ အလှူငွေများ လွယ်လင့်တကူ လှူဒါန်းနိုင်ရန်အတွက် အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဇလွန်မြို့၌ ဆီထွက်သီးနှံနေကြာ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဇလွန် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာ တောင်သူဦးခင်စိုး၏ ကွင်းအမှတ် (၁၇၁၇) ဦးပိုင်အမှတ်(မ – ၈၆ /၁) ကိုင်းမြေ ၁၀ ဧကတွင် ၂၀၂၂–၂၀၂၃ ခုနှစ် ဆောင်းသီးနှံ(နေကြာ) Super Sun – 41 စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆောင်းသီးနှံ (နေကြာ) Super Sun – 41 စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး နန်းတော်ကျွန်းကျေးရွာ တောင်သူဦးခင်စိုး၏ ကိုင်းမြေ ၁၀ ဧကတွင် ဆီထွက်သီးနှံဆောင်းနေကြာ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် နေကြာ ၃၃ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

ဇလွန်မြို့နယ်၌ ၂၀၂၃ ခုနှစ်အတွင်း စားသုံးဆီရိက္ခာဖူလုံစေရန်အတွက် ဆီထွက်သီးနှံဆောင်းနေကြာကို စိုက်ပျိုးဧက ၁၃၇၇၉ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄–၅–၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 သည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်–

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) K Pay ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉–၂၅၅၀၀၁၅၃၃၊ ၀၉–၂၅၅၀၀၁၅၃၄ တို့သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉–၂၅၅၀၀၁၅၄၂ တို့သို့ လည်းကောင်း လှူဒါန်းနိုင်ပါသည်။

၃။ နိုင်ငံခြားငွေစာရင်းအမှတ် (1DA–0300086) သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်–

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်–

- SWIFT CODE /BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 1DA–0300086 သို့ လှူဒါန်းနိုင်ပါသည်။

၄။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်–

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လွဲ့လွဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇–၃၄၀၄၀၅၀ ၀၉–၂၀၁၁၄	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉–၂၅၀၁၂၃၈၅၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉–၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇–၃၄၀၄၀၄၈ ၀၉–၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉–၄၂၀၇၄၀၁၆၀	

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

❒ ရှေ့ဖုံးမှ

ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များ ထောက်ပံ့ပေးသည်။ ဆက်လက်၍ ခေါင်းဒုက္ခာကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာအလယ်တန်းကျောင်းတွင် လာရောက်ခိုလှုံနေကြသော ဒေသခံပြည်သူများအား ဆန်၊ ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားကြသည်။

အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုဏ္ဏားကျွန်း မြို့သို့ထွက်ခွာပြီး အခြေခံပညာအထက်တန်းကျောင်း (ပုဏ္ဏားကျွန်း)၊ ဦးရာဇ၀ မဂ်လာကြိုးတံတား၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ မုန်တိုင်းဒဏ်ကြောင့် ယိုယွင်းပျက်စီးမှုများကိုစစ်ဆေးပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးမှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် မြို့မ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ ရိက္ခာ၊ ဆေးဝါးနှင့် အမိုးအကာများ၊ ဆောက်လုပ်ရေးပစ္စည်းများလည်း ဆက်လက်ပေးပို့၍ အမြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူလူထုများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မုန်တိုင်းဒဏ်သင့် ပြည်သူလူထုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ နှင့် စားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များကို ထောက်ပံ့ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော် ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့မြို့မိမြို့ဖများ ဒေသခံပြည်သူများနှင့်အတူ ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးရန်ရောက်ရှိနေသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း ဦးဆောင်သော ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များလည်း တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိမိတို့အဖွဲ့ ရောက်ရှိလာပြီး ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံစားခဲ့ရသော မြို့နယ်များသို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်မှုအခြေအနေ၊ ရိက္ခာ၊ ဆေးဝါးနှင့် ဆေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်းများ လူသုံးကုန်ပစ္စည်း ဆက်လက်ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မုန်တိုင်းဒဏ်ခံမြို့ရွာများ သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနေမှု၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘုန်းတော်ကြီးကျောင်းများအား အမြန်ပြုပြင်ရန်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးကိစ္စများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် တာဝန်ရှိသူများကယခုကဲ့သို့အနီးကပ်လာရောက်ကြီးကြပ်ဆောင်ရွက်နေခြင်းကို ရခိုင်ပြည်နယ် ပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မိမိတို့ ပြည်သူလူထုကလည်း ပြန်လည်ထူထောင်ရေးကိစ္စများတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် စစ်တွေမြို့ပေါ်၌ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ဆန်အိတ် ၆၃၇၀၊ ဆီ ၇၆၄၅ ပိဿာ၊ ဆား ၆၁၄၄ ပိဿာနှင့် ပစ္စည်း ၁၇ မျိုးပါ အိမ်သုံးပစ္စည်းသေတ္တာများ၊ ခေါက်ဆွဲခြောက်ထုပ်များ တာပေါလင်စများ၊ ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ တို့ကို ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများကပေးအပ်ရာ ပြည်သူများက လက်ခံရယူကြသည်။ ဆက်လက်၍ ဆရာတော်အရှင်ဆေကိန္နက မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်းသည့် စတီးပန်းကန်ပြားများ၊ ငါးနီတူခြောက်နှင့် ငါးပိထုပ်များကို ဆရာတော်ကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များက လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်ကလက်ခံရယူကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများ၊ အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တင်ထွန်း(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သက္ကေပြင်ကျေးရွာ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းဒဏ်ကြောင့် ခိုလှုံရောက်ရှိနေကြသော ဒေသခံပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လောကာနန္ဒာစေတီတော် ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ စစ်တွေမြို့ပေါ်ရှိရပ်ကွက်များမှ မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်နှင့် လေဘေးသင့်ပြည်သူများအား နှစ်သိမ့်အားပေးရန်ရောက်ရှိနေသော ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ တက်ရောက်စဉ်။

ဘူးသီးတောင်မြို့နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သည့်ဓာတ်အားတိုင်များ ပြန်လည်ပြင်ဆင်

ဘူးသီးတောင် မေ ၁၇

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် မေ ၁၄ ရက်က ပြိုလဲခဲ့သည့် ဓာတ်အားတိုင်များကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူရေးလုပ်ငန်းမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ပြန်လည်တည့်မတ်ဆောင်ရွက်လျက်ရှိသည်။

သံခြေကျေးရွာ၊ ကြာညိုပြင်၊ ဒပြုချောင်း၊ အမှတ်(၅) ယာဉ်ထိန်းရုံး Hp၊ အမှတ်(၂) လမ်းမကျောင်း၊ ဦးဥတ္တမခန်းမရှေ့၊ ဥက္ကာပျံလမ်း၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အိုးသည်ကျေးရွာ၊ သပြေတောကျေးရွာ၊ စိမ်းညှင်းပြားစျေးရှေ့၊ ဂူတာပြင်အုပ်စု Hp၊ ကျောက်စာတိုင်ကျေးရွာ၊ နခခ(စ)၊ အမှတ်(၅)ရပ်ကွက်လဝကရုံးရှေ့၊ 33 KV လှိုင်(စကခ ၁၅) တပ်မရှေ့တို့၌ 12 M ၁၂ တိုင်၊ 10 M ၁၄ တိုင်၊ 9 M ကိုးတိုင်၊ သံတိုင် ၇၅" ရှစ်တိုင် ပြိုလဲ ပျက်စီးသွားမှုကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူရေးလုပ်ငန်းမှ ဝန်ထမ်းများက ပြန်လည်တည့်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီးများ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ မေ ၁၆ ရက်နံနက်ပိုင်းက တပ်မတော် ရဟတ်ယာဉ်ဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ ရသေ့တောင်မြို့နှင့် ကျောက်တော်မြို့တို့သို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့် ပြည်သူများအား သွားရောက် တွေ့ဆုံအားပေး စကားပြောကြား၍ ထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်လျှုဒါန်းသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ဘူးသီးတောင် တပ်နယ်၊ ရသေ့တောင်မြို့နှင့် ရသေ့တောင်တပ်နယ်၊ ကျောက်တော်မြို့နှင့် ကျောက်တော်တပ်နယ် တို့တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် အဆိုပါမြို့နယ်များတွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ထောက်ပံ့ငွေ သိန်း ၁၃၀၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဘူးသီးတောင်မြို့၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မောင်တောမြို့၌ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိမိတို့ လာရောက်ခြင်းမှာ ရခိုင်ပြည်နယ်ကြုံတွေ့နေရသော အခက်အခဲများကိုသိရှိပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံရသော အခြေအနေများကို ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ မိမိတို့ နှစ်ဖွဲ့ခွဲ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရေးကြီးလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၅ ရက်က စစ်တွေမြို့သို့ ရောက်လာပြီး မိမိတို့အဖွဲ့အား မုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကိစ္စများ၊ ပြန်လည်ထူထောင်ရေး အတွက် ဆောင်ရွက်ရန်များကို အတွင်း မေ ၁၄ ရက်က မိုခါ မုန်တိုင်းဒဏ်ခံခဲ့ရသဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြည်သူများ၏ လမ်းညွှန် မှာကြားခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်နယ် အစိုးရတို့အနေဖြင့် ကူညီထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးကိစ္စများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ရိက္ခာ၊ ဆေးဝါးပစ္စည်းများ၊ ယာယီတဲများနှင့်အမိုးအကာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မုန်တိုင်းမကျမီ ကတည်းကကြိုတင်ပို့ဆောင်ထားသည်များရှိသကဲ့သို့ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ မော်တော်ယာဉ်၊ ရေယာဉ်၊ တပ်မတော် ရေယာဉ်၊ လေယာဉ်တို့ဖြင့် စဉ်ဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များ၊ ကျေးရွာ/ရပ်ကွက်များသို့ ကယ်ဆယ်ရေးပစ္စည်းများ အမြန်ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ မကြာမီ ဖွင့်တော့မည့် အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ ဘုန်းတော်ကြီး ကျောင်းများကို ဦးစားပေး ပြုပြင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ တွေ့ကြုံခံစားနေရသည့် အခက်အခဲများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်နယ် အစိုးရအဖွဲ့တို့က အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၆ သို့ ❖

❖ **စာမျက်နှာ ၅ မှ**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဆိုင်ကလုန်းမုန်တိုင်း မိုခါ မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြေပုံ၊ ကျောက်ဖြူ၊ မင်းပြား၊ မြောက်ဦးမြို့များသို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် သွားရောက်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀၊ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါး ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်လျှုဒါန်းသည်။

ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့သည် ပေါက်တောမြို့နယ် ကြိမ်နီပြင် ကျေးရွာရှိ IDP စခန်းများ နှင့် ပေါက်တောမြို့နယ်တို့တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ဝေဟင်မှလှည့်လည် ကြည့်ရှုစစ်ဆေးပြီး မြေပုံမြို့သို့ ရောက်ရှိကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ၊ ကမ်းနားလမ်း၊ မြို့ပတ်လမ်း နေရာများတွင် ကမ်းထိန်းနံရံနှင့် လမ်းများ ပျက်စီးခြင်းများအား လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ အဖွဲ့ဝင်များသည် တောင်ပေါ် ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်တွင်နေထိုင်လျက်ရှိသည့် ဘင်္ဂလီလူမျိုး အိမ်ထောင်စုဝင် များအားလည်းကောင်း၊ အင္ဂ ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဒေသခံပြည်သူများ အားလည်းကောင်း သွားရောက် တွေ့ဆုံ အားပေးစကားပြောကြား ပြီး ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ဆား နှင့် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ် လျှုဒါန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး များနှင့် အဖွဲ့သည် ကျောက်ဖြူမြို့ သို့ ရောက်ရှိပြီး ကျောက်ဖြူပညာ ရေးဒီဂရီကောလိပ်ရှိ လေမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးခဲ့သည့် သင်တန်းသူ အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများနှင့်တွေ့ဆုံရာ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မုန်တိုင်းမကျရောက်မီကာလ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင် စုဖွဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မုန်တိုင်း ဝင်ရောက်ပြီးနောက် ပြန်လည် ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြ ပြီး မြို့မိ/ မြို့ဖများ၏ ဒေသ ကောင်းကျိုးအတွက် အကြံပြု တင်ပြချက်များအပေါ် တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့သည် ကျောက်တစ်လုံး IDP စခန်းအား ပြောင်းရွှေ့ နေရာချထားသည့် အေးမြသာယာ ကျေးရွာသို့ သွားရောက်၍ ကျေးရွာတွင် ပြောင်းရွှေ့ နေထိုင်လျက်ရှိသော ဘင်္ဂလီလူမျိုး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက် ဖွယ်ရာများပေးအပ်ကာ ကျေးရွာ အတွင်းသို့ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ထိုမှတစ်ဆင့် အဖွဲ့ဝင်များသည် မင်းပြားမြို့နှင့် မြောက်ဦးမြို့တို့သို့ ဆက်လက် သွားရောက်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများအား တွေ့ဆုံ နှုတ်ဆက် အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာ များ၊ ဆေးဝါးပစ္စည်းများ၊ family kits ပုံးများ ထောက်ပံ့ပေးအပ် လျှုဒါန်းကာ မြို့တွင်းရှိ မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် စာသင်ကျောင်း များနှင့် အဆောက်အအုံများအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်း များ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **တင်ထွန်း(ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြောက်ဦးမြို့ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတို့ ကျောက်ဖြူမြို့၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

မောင်တောမြို့၊ ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့မှ မုန်တိုင်းသင့်ဒေသခံပြည်သူများအတွက် ထောက်ပံ့ပေးအပ်မည့် စားသောက်ကုန်ပစ္စည်းများနှင့် ဆေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီပို့ဆောင်

နေပြည်တော် မေ ၁၇

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ"(MOCHA) တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့သည့် ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များက လှုဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာ များကိုလည်းကောင်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ ပေးအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို လည်းကောင်း တပ်မတော်လေယာဉ်၊ ရဟတ် ယာဉ်၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိ သည်။

သယ်ယူပို့ဆောင်

ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသော ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ရသေ့တောင် မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ မုန်တိုင်းသင့် ပြည်သူများအား ထောက်ပံ့လှုဒါန်းမည့် ဆန်အိတ် များ၊ ဆီပုံးများ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ၊ ရေသန့်စက်၊ သောက်ရေသန့်ဘူးများနှင့် ဆက်သွယ် ရေးဖုန်းလိုင်းများ ပြန်လည်ကောင်းမွန်လာစေရန် ပြုပြင်တပ်ဆင်ဆောင်ရွက်မည့် ဆက်သွယ်ရေး စက်ကိရိယာပစ္စည်းများကို စစ်တွေသင်္ဘောဆိပ်သို့ တပ်မတော်မော်တော်ယာဉ်များဖြင့် သယ်ယူ၍ အဆိုပါမြို့နယ်များသို့ ဆက်လက်ပို့ဆောင်ရန် စက်လှေများပေါ်သို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သယ်ယူပို့ဆောင်ပေး ကြသည်။

ညှိနှိုင်းဆောင်ရွက်

ထိုသို့ဆောင်ရွက်နေမှုများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထို့အပြင် မုန်တိုင်းသင့်ပြည်သူများ သန့်ရှင်း သော သောက်သုံးရေများ အသုံးပြုသောက်သုံးနိုင် ရေးအတွက် စစ်တွေမြို့ မေယုလမ်းမကြီးတွင် တပ်မတော် ရေသန့်စက်မော်တော်ယာဉ်များဖြင့် သောက်ရေသန့်များ ထုတ်လုပ်ပေးဝေလှုဒါန်းလျက် ရှိရာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူး တို့က သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားကာ သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများမှ မုန်တိုင်းဒဏ်သင့်ဘဂ်လီများနှင့် တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်

စစ်တွေ မေ ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်ပြီး သက္ကယ်ပြင်တိုက်နယ်ဆေးရုံ၌ IDP စခန်းများမှ မုန်တိုင်းသင့် ဘဂ်လီလူမျိုး စခန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများမှ မုန်တိုင်းဒဏ်သင့် ဘဂ်လီလူမျိုးများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်ရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မုန်တိုင်းဒဏ်ခံခဲ့ရသော IDP စခန်းများတွင် နေထိုင်သူများအတွက်လည်း တစ်ပြေးညီ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးအပ်သည့် ဆန်နှင့်အသုံးအဆောင်ပစ္စည်းများသည် လတ်တလော စားဝတ်နေရေးအဆင်ပြေစေရန် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်ချက်များကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ များစွာရှိနေပါကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့ပေးမှုများ၊ အလျှုရှင်များ၏ လျှုဒါန်းမှုများဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ IDP စခန်းများတွင် နေထိုင်ကြသူများအတွက်လည်း ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဆက်လက်၍လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် မိမိတို့ပြည်နယ်အစိုးရအဖွဲ့နှင့် အတူ ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

IDP စခန်းများတွင် နေထိုင်ကြသူများအား မိုခါမုန်တိုင်းနှင့်ပတ်သက်၍ ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စခန်းတာဝန်ခံများ၊ လူမှုရေးအဖွဲ့များမှ သတိပေးခြင်း၊ ပြောင်းရွှေ့ပေးခြင်းများ ကူညီဆောင်ရွက်ပေးခဲ့မှုများကို စခန်းတာဝန်ခံများနှင့် IDP စခန်းများတွင် နေထိုင်သူများက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်း ၁၂ ခုတွင် နေထိုင်ကြသည့် မုန်တိုင်းဒဏ်သင့် ဘဂ်လီလူမျိုးများအတွက် ဆန်အိတ် ၁၂၀၀၊ ဆီပိသာ ၁၅၀၀၊ ပဲပိသာ ၂၂၀၀ နှင့် တာပေါ်လင်စ ၃၆ လိပ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ဟားခါးမြို့နယ် မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့ရှိ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၁၇

ချင်းပြည်နယ် ဟားခါးမြို့နယ်၊ မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံများ ပြိုကျ၊ ပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၂၂၀ တို့မှ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က အားပေးစကားပြောကြားသည်။ ထို့နောက် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်က မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၂၂၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ လေဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

ဓနုဖြူမြို့နယ်၊ ဗျာပုံမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား အိမ်မိုးသွပ်များ၊ သွပ်သံများ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ပြုလုပ်ရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ မအူပင်ခရိုင် သဘာဝဘေးအန္တရာယ် ကြိုးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးကအားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား အိမ်မိုးသွပ်များ၊ သွပ်သံများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြပြီး လေဘေးသင့်ပြည်သူများအား လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဗျာပုံမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့များသို့ သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လူနေအိမ်များနှင့် စာသင်ကျောင်းများ အတွက် အမိုးသွပ်များ၊ ခေါင်အုပ်သွပ်ပြားများ၊ သစ်များနှင့် သွပ်သံများ လှုဒါန်းခဲ့သည်။ ထို့နောက် နယ်မြေခံ တပ်မတော်သားများကာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ သွပ်အမိုးများ လဲပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သီးနှံအခြေခံ ယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက် တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ဟသံ်တ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟသံ်တခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဌာနက ကြီးမှူးဖွင့်လှစ်သော သီးနှံအခြေခံ ယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဧလွန်မြို့နယ် သရက်တပင်မြောက်အုပ်စု ကျောင်းစုကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဧလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဧလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၇

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ရုံး (WFP) ၏ မြန်မာနိုင်ငံ ဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေ ကိုယ်စားလှယ် Mr. Stephen Anderson ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌာ လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပြောကြား

တွေ့ဆုံစဉ် WFP ၏ မြန်မာနိုင်ငံ ဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်ဌာနေ ကိုယ်စားလှယ်က မြန်မာနိုင်ငံ ဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၂၃) နှင့်စပ်လျဉ်းသည့် နားလည်မှုစာလွှာ လက်မှတ်ရေးထိုး ပြီးစီးမှုအခြေအနေနှင့် WFP မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးပြောကြားသည်။

ပူးပေါင်းပါဝင်ဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် WFP တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ကာလအတွင်း လိုအပ်သည့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးအပ်ရေးနှင့် ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" တိုက်ခတ်ခဲ့သည့် ဒေသများရှိ ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အစိုးရနှင့် နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး တို့နှင့်ပတ်သက်၍ ပြန်လည် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်နေမှု မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနကွပ်ကဲမှု အောက်ရှိ ပျိုးခြံသုံးခြံနှင့် နေပြည်တော်မြို့တော်ဂေါက်ကွင်း၊ မေတ္တာဂန်၊ ချောင်းမကြီးဆည်နှင့် ငလိုက်ရေတင်စက်ရုံတို့သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဝယ်ယူထားရှိသည့် လုပ်ငန်းသုံးယာဉ်များ အခြေအနေ၊ ပြုပြင်သုံးစွဲရန်မသင့်တော့၍ သံရည်ကျိုအပ်နံ့ဆောင်ရွက်မည့် Buggy ယာဉ်များနှင့် အုပ်ချုပ်မှုသုံးမော်တော်ယာဉ်များ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က သံရည်ကျိုအပ်နံ့မည့်ယာဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးအပ်နှံနိုင်ရေးဆောင်ရွက်ရန်၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနရှိ အုပ်ချုပ်မှုသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များ၏ ကြံ့ခိုင်မှုကိုစနစ်တကျ စစ်ဆေးဆောင်ရွက်ရန်တို့ကိုမှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနကွပ်ကဲမှုအောက်ရှိ ပျိုးခြံသုံးခုနှင့် နေပြည်တော်မြို့တော်ဂေါက်ကွင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ပျိုးခြံများတွင် စိုက်ပျိုးထားရှိသည့် ပျိုးပင်များကို သပ်ရပ်စနစ်ကျစွာ ဆောင်ရွက်ထားရှိရန်၊ ပျဉ်းမနားမြို့ မေတ္တာဂန် သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းမှ ထွက်ရှိသည့်မြေဆွေးများကို ပျိုးခြံများတွင် စနစ်တကျစုပုံထားရှိ အသုံးပြုရန်၊ ပျိုးခြံများတွင် မန်ကျည်းပျိုးပင်များကို အရေအတွက်သိန်းချီ၍ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော် ပျဉ်းမနားမြို့ ရန်ကုန်- မန္တလေးကားလမ်းဘေး အထက(၃) ကျောင်းရှေ့ရှိ မေတ္တာဂန်သို့သွားရောက်၍ သဲနုန်းများ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အများပြည်သူများ အပန်းဖြေနိုင်စေရေး ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်နှင့် နားနေရန်ထိုင်ခုံများ ပြုလုပ်ထားရှိရန်တို့ကို မှာကြားသည်။

ချောင်းမကြီးဆည်အတွင်း ရေဝင်ရောက်မှု

ယင်းနောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ချောင်းမကြီးဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေပေးဝေဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ချောင်းမကြီးဆည်သည် နေပြည်တော်ရှိ အဓိကနေရာများသို့ ရေပေးဝေဖြန့်ဖြူးပေးနေသော အရေးပါသည့် ဆည်တစ်ခုဖြစ်ခြင်းကြောင့် ချောင်းမကြီးဆည်သို့ ရေဝင်ရောက်သည့်ချောင်းများအတွင်း ရေစီးရေလာကောင်းမွန်ပြီး ဆည်အတွင်း ရေပိုမိုဝင်ရောက်စေရေး ဆောင်ရွက်ရန်နှင့် ဆည်၏ရေဝေရေလဲဇရိယာများတွင် သစ်တောသစ်ပင်များ စိုက်ပျိုးထားရှိရန်နှင့်စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ချောင်းမကြီးဆည်အတွင်းသို့ ငလိုက်ချောင်းမှရေကို ရေတင်စက်ရုံမှတစ်ဆင့် ရေဖြည့်တင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ပြုလုပ်

နေပြည်တော် မေ ၁၇

မုန်တိုင်းဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ်သိန်းပေါင်း ၄၆၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဘုတ်ပြင်းမြို့နယ်၌ မုန်တိုင်းဘေးသင့်ဒေသနေ ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းငွေပေးအပ်

ဘုတ်ပြင်း မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ မိုခါမုန်တိုင်းဘေးသင့် ဒေသနေပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးသင့်ခဲ့သည့်အတွက် ထောက်ပံ့ငွေပေးအပ်သည့် မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများပူးပေါင်းပါဝင်မှုကို ကျေးဇူးတင်ကြောင်းနှင့် မြို့မိမြို့ဖ ဦးရွှေထွန်းက သဘာဝဘေးသင့်ဒေသများထဲမှ ရခိုင်ပြည်နယ် သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖနှင့်အလှူရှင်များ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၅၃စ၄၇၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၇

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍလုပ်ငန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မြေပြင်စာရင်းမှန် အမြန်ဆုံးကောက်ယူရန်နှင့် ယာယီအဆောက်အအုံများအသုံးပြုနိုင်ရေး၊ဦးစားပေးအလိုက်အဆောက်အအုံများ ပြုပြင်မွမ်းမံမှု ဆောင်ရွက်နိုင်ရေး၊ မုန်တိုင်းဒဏ်ကြောင့် စိုက်ပျိုးသီးနှံ ပျက်စီးမှုပမာဏ အနည်းငယ်သာရှိသော်လည်း မိုးရာသီစိုက်ပျိုးမည့် သီးနှံမျိုးစေ့များ ပျက်စီးမှုရှိနိုင်သဖြင့် လိုအပ်သောမျိုးစေ့များ အချိန်မီဖြန့်ဖြူးနိုင်ရန် ကြိုတင်စီမံရေးနှင့် လယ်ယာလုပ်ငန်းခွင်တွင် စက်မှုလယ်ယာမှ လုပ်ဆောင်ပေးရန် လိုအပ်ပါက အသင့်ရှိရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ယင်းအပြင် မိမိတို့ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် မိသားစုများ၏ စားဝတ်နေရေး၊ ကျောင်းသားများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များ၊ ဝတ်စုံများထောက်ပံ့ပေးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများအလိုက် တင်ပြရမည့် စာရင်းဇယားများ၊ အချက်အလက်များကို ချက်ချင်းစိစစ်တင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အသေးစိတ်မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်အစိုးရ၏ သဘာဝဘေးစီမံခန့်ခွဲရေး ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ဒေသဆိုင်ရာအစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မုန်တိုင်းဒဏ်သင့် ဒေသများ၌ မိုးသီးနှံစိုက်ပျိုးရာတွင် လိုအပ်မည့် မျိုးစေ့များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခြားတိုင်းဒေသကြီးများရှိ ဌာနပိုင်ခြံများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ် လုပ်ငန်းရှင်များက ကူညီပံ့ပိုးပေးသွားရန် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းဖွင့်ရာသီတွင် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ဖွင့်လှစ်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စက်မှုလယ်ယာစခန်းများရှိ စက်ယန္တရားများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးနှင့် လိုအပ်ချက်များ ကူညီမှုပေးနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်မှ ကျွမ်းကျင်သူများ စေလွှတ်ပေးသွားမည့် အစီအမံများ၊ ရေဘေးကာကွယ်ရေးတာများ ထိခိုက်ပျက်စီးမှုနှင့် ဆည်ရေပေးဝေရေး အဆောက်အအုံများ ထိခိုက်ခဲ့မှုအခြေအနေများ၊ ကာလတိုအတွင်း မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးနှင့် မွေးမြူရေးတိရစ္ဆာန် သားပေါက်များ ရရှိရေး၊ တိရစ္ဆာန်အစာရရှိရေးအတွက် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးအသင်းအဖွဲ့များက ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးပြီး သက်ဆိုင်ရာဒေသများသို့ တာဝန်ပေးစေလွှတ်မည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုန်တိုင်းဒဏ်သင့်ခံရသည့်ဒေသများသို့ အလှူငွေများပေးအပ်

တောင်ကြီး မေ ၁၇

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃နာရီခွဲက ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မုန်တိုင်းတိုက်ခတ်ပြီးဆုံးသွားသောကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ပစ္စည်းများ အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အလှူငွေများကို

ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက ပေးအပ်၍ တိုင်းရင်းသားလုပ်ငန်းရှင်များက ပေးအပ်သော အလှူငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူးတို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ မုန်တိုင်းဒဏ်သင့်ခံခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတွင် စုစုပေါင်းအလှူငွေကျပ် ၈၅၂ သိန်း ရရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သဘာဝဘေးဒဏ် အံတုကျော်လွှား ပြည်တွင်းအား

❖ အလွန်အမင်း၊ အင်အားပြင်းသည့် လေပြင်းဆိုင်ကလုန်း မုန်တိုင်း **မိုခါ** သဘာဝဘေးရန်၊ ကျရောက်ဒဏ်ကြောင့် ဘေးခံသင့်ဒေသ ပျက်စီးကြ၊ ဆုံးရှုံးကြ အနေအစားပျက်ကြ၊ ဘေးဒုက္ခတို့ ကျရောက်ခဲ့ရသည်တကား။

❖ တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည် အသိကြွယ်လျက်၊ ဘယ်ခါထပ်မံ **နာဂစ်**ဒဏ်လို လူ့ခန္ဓာလူ့အသက်၊ မကျေပျက်ရန် အပျက်အစီး၊ လွန်မကြီးရန် ကြိုပြီးပြင်ဆင်၊ ကြိုတင်မြော်တွေး အရေးရေးကို မနှေးလုပ်ဆောင်ခဲ့သည်တကား။

❖ လေပြင်းမုန်တိုင်း၊ ကဆုန်စိုင်းစဉ် တံတိုင်းပီပီ၊ ကာကွယ်ညီကြ သွေးချင်းပီပီ၊ စောင့်ရှောက်ညီကြ မိသားစုပီပီ၊ ဖေးကူညီကြ ညီသည့်အင်အား၊ စွမ်းပကားဖြင့် ကျော်လွှားရင်ဆိုင်ခဲ့သည်တကား။

❖ မုန်တိုင်းအပြီး၊ ရှေ့ခရီးဝယ် အကျည်းတန်နေ၊ ဘေးဒဏ်တွေနှင့် လေဒဏ်မိုးဒဏ်၊ ဒုက္ခခံပြည်သူ ဖေးကူညီမှု၊ အစုစုတွက် လူထုအလွှာ၊ စုံလင်စွာလျှင် ကျရာဝန်တာ၊ ပေးလာတာဝန် စေတနာမွန်ဖြင့် အားသွန်ဆောင်ကြိုး၊ ထမ်းသယ်ပိုးသည် ဆွေမျိုးသားချင်း ပီတကား။

❖ ပြည့်အင်အားသည် ပြည်တွင်းမှာတည့် ပြည်၏အင်အား ပြည်သူများတည့် အားများပေါင်းစု၊ ညီညွတ်မှုဖြင့် ယခုရင်ဆိုင်၊ မုန်တိုင်းဒဏ်အပြင် ရှေ့လျှင်တွေ့ကြုံ၊ ခက်ခဲတုံလည်း တူစုံရင်ဆိုင်၊ အံတုပြိုင်မည် **နိုင်ငံ မြန်မာ တည်မှုအတွက်။ ပြည်သူ မြန်မာ လူထုအတွက်** ။ ။

မျိုးမြတ်မြတ်မြင့်မောင်

မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်း အများဆုံးပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ မေ ၁၄ ရက်တွင် တိုက်ခတ်သွားသော မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးခြင်း အများဆုံး ပျက်စီးခဲ့သည့် စစ်တွေဒေသ၊ ရသေ့တောင်ဒေသများနှင့် အခြားသော ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများသို့ အမြန်ဆုံး လျှပ်စစ်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးလျက်ရှိသည့် ၂၃၀ ကေဗီ အမ်း-မြောက်ဦး- ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်း တာဝါတိုင် ၁၂ တိုင် ပျက်စီးမှုများနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလိုင်း ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအင်အား စုဖွဲ့ထားရှိမှု၊ ပစ္စည်းများ ပို့ဆောင် ရောက်ရှိမှုများနှင့် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျက်စီးနေသော တာဝါတိုင်များ၊ ဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ရန် ရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြုပြင်ရန်ပစ္စည်း ရောက်ရှိမှုများကိုလည်းကောင်း သွားရောက်စစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျွမ်းကျင် ဝန်ထမ်းအင်အား ၄၂၀ တို့သည် စစ်တွေဒေသ၊ မြောက်ဦးဒေသ၊ ပုဏ္ဏားကျွန်းဒေသများတွင် အသီးသီးဖြန့်ခွဲ၍ ဓာတ်အား ပို့လွှတ်လျက်ရှိသည့် မဟာဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ စုဖွဲ့ထားသော ကျွမ်းကျင်ဝန်ထမ်း အင်အား ၆၀၀ ဖြင့် စစ်တွေမြို့အတွင်း ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး မေလကုန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသတစ်ခုလုံးအား လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ပြင်ဆင်ခြင်း လုပ်ငန်းများကို အချိန်မီ ပြုပြင်ပြင်ဆင်နိုင်ရန်အတွက် လိုအပ်လျက်ရှိသော ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများဖြစ်သည့် တန်ချိန် ၆၉ တန်ရှိ တာဝါသံပေါင်များ၊ ကွန်ကရစ်တာဝါတိုင် ၃၅၀၀ နှင့် အိမ်မိုးသွပ်ချပ် ၁၅၀၀၊ မီးစက်များ၊ စက်သုံးဆီများကို တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း၊ မင်းပြားဒေသရှိ ကွန်ကရစ်တိုင် ၂၀၀၀ ကို စစ်တွေဒေသသို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ အခြားဆက်စပ်အသုံးပြုရန် လိုအပ်သည့် ထရန်စဖော်မာများ၊ ကြိုးများ၊ ကြွေသီးများ၊ လိုင်းဆွဲသားရာတွင် အသုံးပြုသည့် ယန္တရားများကို မော်တော်ယာဉ် ၁၂ စီးဖြင့် လည်းကောင်း ပို့ဆောင်ပေးလျက်ရှိပြီး ကျန်ရှိသော ပစ္စည်းများကိုလည်း မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စစ်တွေပြည်သူ့ဆေးရုံကြီး၏ ပြန်လည်တည်ဆောက်ပြီးစီးမှု လိုက်လံကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

"အများ ပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများကို အမြန်ဆုံးဦးစားပေး ပြန်လည်ပြုပြင်ဆောင်ရွက်ရန်" ဆိုသည့်နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆေးရုံရှိပျက်စီးသွားသော အမိုးများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့အတူ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဆေးရုံကြီး၏ ရေရရှိမှုအခြေအနေများကိုလည်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံအတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိအောင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လူနာများ အဆင်ပြေချောမွေ့စွာ ဆေးကုသမှု ခံယူနိုင်အောင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဆေးရုံဝန်ထမ်းများပူးပေါင်းကာ သစ်ပင်ချုံနွယ်များနှင့် အမှိုက်များ ရှင်းလင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်တွေ ပြည်သူ့ဆေးရုံကြီးသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည့်အတွက် မုန်တိုင်းကျရောက်စဉ်နှင့် ကျရောက်ပြီးအချိန်များတွင် ဆေးကုသမှုလုပ်ငန်းများ ရပ်ဆိုင်းမသွားဘဲ ၂၄ နာရီပတ်လုံး ခွဲစိတ်ကုသမှုများအပါအဝင် ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေး

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မုန်တိုင်းကျရောက်ခဲ့သည့် ဒေသများဖြစ်သည့် စစ်တွေမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူလူထု ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် သောက်သုံးရေပေးဝေသည့် ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များတွင်ပါ ဆက်လက်ဆောင်ရွက်နိုင်ရန် ညွှန်ကြားဆောင်ရွက်လျက်ရှိသည်။

ရသေ့တောင်မြို့နယ်သို့ ထွက်ခွာ

ဆက်လက်၍ ရသေ့တောင်မြို့နယ်ရှိ ပျက်စီးသွားသည့် ဆေးရုံအဆောက်အအုံများ ပြန်လည်ပြင်ဆင်နိုင်ရေး ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးအဖွဲ့တစ်ဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ရေသန့်များ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့်အတူ ယနေ့တွင် ရသေ့တောင်မြို့နယ်သို့ ထွက်ခွာသွားကြသည်။

ထို့အတူ မောင်တောမြို့နယ်ရှိ ကျောက်ပန္နား မြိုယုနှင့် အင်းဒင်ရွာတို့သို့ လိုအပ်သည့်ရေသန့်၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကလိုရင်းဆေးမှုန့်များ ပို့ဆောင်ပေးခဲ့ပြီး စစ်တွေမြို့ရှိ သက္ကယ်ပြင် ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းများက ဆေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပျက်စီးသွားသည့် တိုက်နယ်ဆေးရုံ အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဆည်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသွားသည့် အိမ်ထောင်စုလေးစုအား ထောက်ပံ့ငွေများ ပေးအပ်

ကျောက်ဆည် မေ ၁၇

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသွားသည့် အိမ်ထောင်စုလေးစုအား ထောက်ပံ့ငွေပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပသည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် မေ ၁၃ ရက်နှင့် ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသွားသည့် ဘောဂဝတီ ရပ်ကွက်၊ ပေါက်တောရပ်ကွက်နှင့် မင်းစုကျေးရွာ တို့မှ နေအိမ်သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဝယ်ယူရန် ထောက်ပံ့ ငွေကျပ် ၁၅၀၀၀၀၊ လူဦးရေ ၁၀ ဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာ ထောက်ပံ့ငွေကျပ် ၂၁၀၀၀ နှင့် ပုထိုးနီကျေးရွာမှ ဦးနေမျိုးအောင်၏ နေအိမ်အတွက် အိမ်ဆောက်ပစ္စည်း ဝယ်ယူရန် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ကျပ်၊ လူဦးရေသုံးဦးအတွက် ခုနစ်ရက်စာဆန်ရိက္ခာဝိုးကျပ် ၆၃၀၀ နှင့် ငွေကျပ် ၆၂၁၄၉ ကျပ်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းနှင့် တာဝန်ရှိသူများက လေဘေးသင့် ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စစ်တွေမြို့မှ ဒေသခံပြည်သူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အနုပညာရှင်များလာရောက် အားပေးတွေ့ဆုံ

စစ်တွေ မေ ၁၇

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဒေသခံပြည်သူများကို အားပေးကူညီရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အနုပညာရှင်များ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိသည်။

အနုပညာရှင်များ ပါဝင်သောအဖွဲ့အား ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှ၊ စစ်တွေခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် စစ်တွေမြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၊ မဏိရတနာ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းနှင့် ကျေးတောပိုက်ဆိပ်ကျေးရွာ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ အဆောက်အအုံတွင် ခိုလှုံနေထိုင်ကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ဆရာတော် အရှင်ဆေကိန္နာ လှူဒါန်းသည့် ဆေးဝါးပစ္စည်းများနှင့် ရိက္ခာခြောက်များ အား ဘေးသင့်ပြည်သူများထံ လက်ဝယ် အရောက်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ သာသနာ့ဗိမာန်တော်တွင်ကျင်းပသည့် ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဒေသခံပြည်သူများအား အားပေးကူညီရန် လာရောက်သော အနုပညာရှင်များ အဖွဲ့တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌ အလုပ်အမှုဆောင်များ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များ စုစုပေါင်း အဖွဲ့ဝင် ၄၅ ဦး ပါဝင်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် မေ ၁၇

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်တစ်စင်းသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ MPT Mobile Van ကား တစ်စီး(၈ တန်)အား ကျောက်ဖြူမြို့ရှိကပ်သပြေကမ်းထိုးရပ်၌ တင်ဆောင်၍ မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကပ်သပြေ–စစ်တွေခရီးစဉ်အတိုင်း ထွက်ခွာခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိပို့ဆောင်ပေးခဲ့သည်။

အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ဆန်အိတ် ၄၀၀ နှင့် ပဲအိတ် ၄၀ စုစုပေါင်း ၂၂ တန်တို့အား စစ်တွေမြို့၌တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် စစ်တွေ–ရသေ့တောင်ခရီးစဉ်အတိုင်း ထွက်ခွာခဲ့ပြီး ရသေ့တောင်ကမ်းထိုးရပ်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပို့ဆောင်ပေးခဲ့သည်။

ထို့အတူ တင့်ကားတင်ကမ်းထိုးရေယာဉ် တစ်စင်းသည် ဘူးသီးတောင်မြို့ရှိ နယ်မြေခံတပ်မှ ထောက်ပံ့ရေးပစ္စည်း ၄၈ ထုပ်၊ MILTRUCK ဂါလန် ၂၀၀၀ ဆံ့ ကားနှစ်စီး၊ DONE FENGE ရေသန့်စက်ကားကြီး တစ်စီး၊ HINO ရေသန့်စက်ကားကြီး တစ်စီး၊ SEINO TRUCK နှစ်စီးနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ဆန်အိတ် ၁၅၀ စုစုပေါင်း ၅၃ ဒသမ ၅ တန်တို့အား စစ်တွေမြို့မှ တင်ဆောင်၍ အင္ဂမော်သို့ ပို့ဆောင်ပေးရန် ယနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားသည်။

ယင်းနောက် စစ်ရေယာဉ်(ပြည်တော်အေး–၂) သည် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ဆန်အိတ် ၁၂၂၅၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သွပ် အချပ် ၈၀၀၀၊ သွပ်သံ ၁၇ ဖာ၊ စားအုန်းဆီ ၁၁၄၄ ဖာ၊ သွားတိုက်ဆေးဘူး ၆၆၇ ဖာ၊ သွားတိုက်တံ အဖာ ၈၀ ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မှတ်ပုံတင်တောင်းခံလွှာပုံစံများ ၄၈ ထုပ်၊ မြန်မာ့မီးရထားမှ တာပေါ်လင် ၁၅ ချပ်၊ မီးစက် နှစ်လုံး၊ ချိန်းဆော နှစ်လက်၊ Water Pump တစ်ခု၊ ပို့ဆောင်ရေးမှ တာပေါ်လင် ငါးလိတ်၊ မီးစက် နှစ်လုံး၊ သုံးမူးနိုင်လွန်ကြိုး သုံးခွေ၊ ချိပ်ကွင်းအခု ၁၀၀၀ ပါ တစ်ထုပ်၊ စက်ပစ္စည်း နှစ်ထုပ်၊ ရိက္ခာခြောက်ချပ်ဖာ သုံးခု၊ ဖယောင်းပုဆိုး တစ်လိတ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်အိတ် ၇၀၊ ဆီဘူး ၇၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်ပုံးနှင့် ဒန်အိုးများ စုစုပေါင်း ၆၆၀ တန်တို့ကို စစ်တွေမြို့သို့ ပို့ဆောင်ပေးရန် ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ တင်ဆောင်၍ ရန်ကုန်မြို့မှ ယနေ့မွန်းလွဲပိုင်းတွင် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်မှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ရေသန့်စက်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲ၌ရိုင်းဆက် ရှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာဝတ် နှစ်စည်း စုစုပေါင်း ၁၇ ဒသမ ၅ တန်တို့အား လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ရေသယ်ယာဉ် တစ်စီး၊ CANOPY အမိုးစိမ်း အထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲ၌ရိုင်းဆက် ခုနှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာဝတ် နှစ်စည်း စုစုပေါင်း ၁၅ တန်တို့အား လည်းကောင်း စစ်တွေမြို့၌ တင်ဆောင်၍ စစ်တွေ–ရေချမ်းပြင်–ရသေ့တောင်ခရီးစဉ်အတိုင်း ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ထို့အတူ မေ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည့် စစ်ရေယာဉ်(မဟာဗန္ဓုလ)သည် ယနေ့ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။

ထို့ပြင် စစ်ရေယာဉ်(မုတ္တမ)သည် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် တပ်ဖွဲ့များနှင့် လျှပ်စစ်ဝန်ကြီးဌာနမှဝန်ထမ်း ၁၀၄ ဦးတို့အား တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး ရခိုင်ပြည်နယ် စစ်တွေမြစ်ဝသို့ ယနေ့ညပိုင်းတွင် ရောက်ရှိခဲ့ကြောင်းနှင့် မေလ ၁၈ ရက်နံနက်ပိုင်းတွင် စစ်တွေမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး တင်ဆောင်လာသည့် ထောက်ပံ့ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာ ၁၀၆၈ ရွာမှ လူနေအိမ် ၄၄၉၂၈ လုံး၊ သာသနိကအဆောက်အအုံ ၃၇၆ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၄၃၉ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၅၉ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၅၈ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၄၈ ဦး သေဆုံး

နေပြည်တော် မေ ၁၇

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ်ထပ်မံစိစစ်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းအထိရရှိသော စာရင်းများအရ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၄၄ ရွာမှ လူနေအိမ် ၁၂ လုံး၊ သာသနိကအဆောက်အအုံ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းသုံးကျောင်း၊ လေဆိပ်အဆောက်အအုံ တစ်ခု၊ ဓာတ်မီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ တစ်လုံး၊ အုတ်နံရံ တစ်ခု၊ ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၄ ရွာမှ လူနေအိမ် ၁၂၉ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဆေးရုံ/ဆေးခန်းနှစ်ခု၊ ဓာတ်မီးတိုင် လေးခု၊ ဌာနဆိုင်ရာအဆောက်အအုံ ၃၀၊ ဘောလုံးကွင်း တစ်ကွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၃ ရွာ၊ လူနေအိမ် သုံးလုံး၊ ဆက်သွယ်ရေးတာဝါတိုင် ခြောက်တိုင်၊ ဓာတ်မီးတိုင် နှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ အုတ်တံတိုင်း/နံရံ ၂၆ ခု၊ တံတားသုံးစင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၇၂ ရွာမှ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေးတာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် တစ်တိုင်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၃၄ ရွာမှ လူနေအိမ် လေးလုံး၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ အုတ်တံတိုင်း/နံရံ ၆၇ ခု၊ ရာသီသီးနှံစိုက်ခင်း ၁၅၆ ခင်း၊ တံတားတစ်စင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ တစ်ရွာမှ သာသနိကအဆောက်အအုံ လေးခု၊ မွန်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ လေးရွာမှ လူနေအိမ် တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၆၈၆ ရွာမှ လူနေအိမ် ၄၄၅၅၀၂ လုံး၊ သာသနိကအဆောက်အအုံ ၃၆၆ ခု၊ ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်း၊ စာသင်ကျောင်း ၃၉၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၅၂ ခု၊ ဈေး တစ်ခု၊ လေဆိပ်အဆောက်အအုံ တစ်ခု၊ ဓာတ်မီးတိုင် ၁၅ တိုင်၊ ဆက်သွယ်ရေး တာဝါတိုင် တစ်ခု၊ ဓာတ်မီးတိုင် ခုနစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ ၁၁၈ လုံး၊ အခြားပျက်စီးမှု ၉၃၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၆၅ ရွာမှ လူနေအိမ် ၃၁ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင် ၆၀၊ ထရန်စဖော်မာ နှစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ ခြောက်လုံး၊ ဘောလုံးကွင်း နှစ်ကွင်း၊ အုတ်တံတိုင်း/နံရံ ၃၄ ခု၊ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ တစ်ရွာမှ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၁၄ ရွာမှ လူနေအိမ် ၁၃၁ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ/ ဆေးခန်း ငါးခု၊ ဓာတ်မီးတိုင် ကိုးတိုင်၊ ဌာနဆိုင်ရာအဆောက်အအုံ သုံးလုံး၊ အခြားပျက်စီးမှု လေးခု ပျက်စီးဆုံးရှုံးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် သေဆုံးသူ ၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သေဆုံးသူ တစ်ဦးရှိကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် သစ်ပင် သစ်ကိုင်းများ ကျိုးကျနေမှုအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

သို့ဖြစ်၍ ယနေ့ မွန်းလွဲပိုင်းအထိ ရရှိသော စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု တို့တွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ ရပ်ကွက်/ကျေးရွာ ၁၀၆၈ ရွာမှ လူနေအိမ် ၄၄၉၂၈ လုံး၊ သာသနိကအဆောက်အအုံ ၃၇၆ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၄၃၉ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၅၉ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ် နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၅၈ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၄၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၁၇

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ စုဖွဲ့စေလွှတ်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘီစကစ်အထုပ်ကြီး ၆၉၅ ထုပ်ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ရိက္ခာထုပ် ၄၀၀ ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ရိက္ခာထုပ် ၂၅၀၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တတိယအကြိမ်အဖြစ်လည်းကောင်း၊ ဆန်အိတ် ၁၅၀၊ ရေသန့်ဆေးပြား ၁၉ ဖာ၊ ဆေးမျိုးစုံ ၁၆၉ ဖာတို့ကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ စတုတ္ထအကြိမ်အဖြစ်လည်းကောင်း သွားရောက်ပို့ဆောင်ပေးသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

အလားတူ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၌နေချုပ်၊ ကွပ်ကဲမှုအောက်ရှိ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ကူညီကယ်ဆယ်ရေးအင်အား ၄၁၈ ဦးနှင့် စားသုံးဆီများ၊ တာလပတ်လိတ်များ၊ မီးစက်အကြီး/အသေးများ၊ ရေသန့်ကတ်များ၊ ဆန်အိတ်များ၊ အိမ်ဆောက်ပစ္စည်းများ၊ Chain Saw များ၊ ရေသန့်ဘူးများ၊ ကော်ဇောလိတ်များ၊ ဆေးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ အဖွဲ့လိုက်ခွဲ၍ တပ်မတော်လေယာဉ်များဖြင့် ကိုးခေါက်ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပစ္စည်းများကို တပ်မတော်မှ လေယာဉ်များဖြင့် ပို့ဆောင်မှုမှာ နေပြည်တော်မှ စစ်တွေမြို့သို့ လေးကြိမ်၊ ရန်ကုန်မြို့မှစစ်တွေမြို့သို့ ကိုးကြိမ်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ ပို့ဆောင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဗီယက်နမ်နိုင်ငံက ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ထုတ်လုပ်မှုလျှော့ချမည့်အစီအစဉ်အား အတည်ပြု

ဟန္တိုင်း မေ ၁၇

ဗီယက်နမ်နိုင်ငံသည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျှော့ချရေး အစီအစဉ်တစ်ရပ်ကို အတည်ပြုခဲ့ကြောင်းနှင့် ယင်းအစီအစဉ်အတွက် အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၇ ဘီလီယံလိုအပ်မည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်ရန်လည်း စီစဉ်ထားသည်။ ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်ပြည်တွင်း အသားတင်ထုတ်ကုန် တိုးတက်မှုနှုန်းကို ၂၀၃၀ ပြည့်နှစ်တွင် ၇ ရာခိုင်နှုန်းအထိ ဆက်လက်ထိန်းထားရန် ရည်မှန်းထားပြီး ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေး ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်အရ ဗီယက်နမ်နိုင်ငံသည် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ၆၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၇၁ ဒသမ ၅ ရာခိုင်နှုန်းအကြား တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု ပမာဏသည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ၆၉ ဂီဂါဝပ်ရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၁၅၀ ဂီဂါဝပ်ကျော်အထိ နှစ်ဆတိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်ထောက်လှမ်းရေးဂြိုဟ်တုလွှတ်တင်မည့်အခြေအနေ သွားရောက်စစ်ဆေး

ပြုံယမ်း မေ ၁၇

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က စစ်ထောက်လှမ်းရေးဂြိုဟ်တု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နေရာသို့ ယနေ့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အတည်ပြုခဲ့

စစ်ထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်ရေး အစီအစဉ်၏ နောက်ဆက်တွဲအစီအစဉ်များကိုလည်း ခေါင်းဆောင်ကင်က အတည်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ အဆင့်(၁)ရှိသည့် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းဂြိုဟ်တုကို လွှတ်တင်ခြင်းမပြုမီ နောက်ဆုံးပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအရ ပဲ့ထိန်းဒုံးကျည်နည်းပညာကို အသုံးပြု၍ ဒုံးကျည်များစမ်းသပ်စစ်လွှတ်ခြင်းကို တားမြစ်ထားသည်။

သို့သော် ဂြိုဟ်တုကို ပတ်လမ်းအတွင်းသို့ လွှတ်တင်ရန် အကြောင်းပြကာ တာဝေးပစ် ပဲ့ထိန်းဒုံးကျည်များကို ပြုံယမ်းက စမ်းသပ်စစ်လွှတ်လျက်ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ကာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းမှစပြီး တာဝေးပစ် ပဲ့ထိန်းဒုံးကျည်များကို စမ်းသပ်စစ်လွှတ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဗီယက်နမ်နိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ကာ မိုးခေါင်ရေရှားမှု ဖြစ်ပွားနိုင်

ဟန္တိုင်း မေ ၁၇

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဒေသအများအပြားတွင် အပူချိန်မြင့်တက်နိုင်ပြီး မိုးခေါင်ရေရှားမှုများနှင့် ဆားငန်ရေဝင်ရောက်မှုများ ဖြစ်နိုင်ကြောင်း ထရိုင်ထရီသတင်းစာက ယနေ့ပြောကြားသည်။

ယင်းရာသီဥတုဖြစ်စဉ်များမှာ ၂၀၂၄ ခုနှစ်အထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း အမျိုးသားမိုးလေဝသ စင်တာအကြီးအကဲ မိုင်ဗန်ခမ်းက ပြောကြားသည်။

နိုင်ငံ၏အချို့ဒေသများတွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပွားလာနိုင်ကာ ရေအားလျှပ်စစ်ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိမှုနည်းပါးလာမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုကျဆင်းသဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးမှု လျော့နည်းမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ထူးခြားရာသီဥတုဖြစ်စဉ်များကြောင့် ဆန်စပါး၊ ကော်ဖီနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလျော့နည်းလာနိုင်ကြောင်း ၎င်းက ဆိုသည်။

ယခုလအစောပိုင်းက နိုင်ငံအလယ်ပိုင်း ငွေအမ်းပြည်နယ်တွင် အပူချိန် ၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ နိုင်ငံအတွင်း မေလကုန်အထိ အပူချိန်များ ထပ်မံမြင့်တက်နိုင်ကြောင်း အမျိုးသားမိုးလေဝသစင်တာ၏ ပြောကြားချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၂၀၄၁ ဦးရှိ

ဗီယင်ကျန်း မေ ၁၇

လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၂၀၄၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယမန်နေ့က နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂၅ ဦးကို ထပ်မံတွေ့ရှိရကြောင်း သိရသည်။



နိုင်ငံအတွင်းရှိ ခမ္မမ်းပြည်နယ်တွင် ၃၆၄ ဦး၊ အော်ဒိုမက်ဇီ ပြည်နယ်တွင် ၃၁၈ ဦးနှင့် မြို့တော် ဗီယင်ကျန်းတွင် ၂၃၄ ဦး အသီးသီး သွေးလွန်တုပ်ကွေးရောဂါကူးစက်ခဲ့သည်။

ယခု သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုမြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံသားများအား နေအိမ်ဝန်းကျင်တွင် ခြင်ပေါက်ပွားမှု မဖြစ်စေရေး ရှင်းလင်းဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလမ်းကြောင်းပြီးစီးရေး မီးရထားလမ်းတည်ဆောက်ရန် အီရန်နှင့် ရုရှား စာချုပ်တစ်ရပ်ချုပ်ဆို

တီဟီရန် မေ ၁၇

အီရန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် တောင်အာရှနှင့် ဥရောပမြောက်ပိုင်း ချိတ်ဆက်ထားသော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ပြီးစီးရေးအတွက် အီရန်နိုင်ငံအတွင်း၌ မီးရထားလမ်းတစ်ခုတည်ဆောက်ရန် စာချုပ်တစ်ရပ်ကို မေ ၁၇ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း အီရန်နိုင်ငံသမ္မတရုံးက ပြောကြားသည်။

၁၆၂ ကီလိုမီတာရှည်လျား

အီရန်နိုင်ငံမြောက်ပိုင်း မြို့တော်များဖြစ်သည့် ရက်ရှ်မြို့နှင့် အက်စ်တာရာမြို့တို့အကြား ၁၆၂ ကီလိုမီတာရှည်လျားသည့် မီးရထားလမ်းကို နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးစကြီး၏ တစ်စိတ်တစ်ဒေသအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတရုံးဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

နှစ်နိုင်ငံအကြားချုပ်ဆိုခဲ့သည့် မီးရထားလမ်းတည်ဆောက်ရေး စာချုပ်လက်မှတ်ရေးထိုးပွဲသို့ အီရန်နိုင်ငံသမ္မတ အီဘရာဟင်ရိုင်စီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့လည်း ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

၄၈ လအတွင်းပြီးစီးရန်မျှော်မှန်းထား

စာချုပ်အရ ရုရှားနိုင်ငံက အဆိုပါမဟာဗျူဟာမြောက် မီးရထားလမ်းတည်ဆောက်မှုတွင် ယူရို ၁ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် ယင်းမီးရထားလမ်းကို ၄၈ လအတွင်း ပြီးစီးရန် မျှော်မှန်းထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

အလွန်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်ခဲ့မှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး အဖွဲ့ကို ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မဝင်ရောက်မီ ကတည်းကပင် တပ်မတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကြိုတင်စုဖွဲ့ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းဦးတည်ဝင်ရောက်နိုင်သောဒေသများနှင့် ဆက်စပ်နေသောဒေသများသို့ လျင်မြန်စွာ သွားရောက်နိုင်ရေး ၀၊ အမ်၊ ကျောက်တော်၊ ပုသိမ်၊ ပြည်၊ မကွေး စသောဒေသများသို့ ယာဉ်အုပ်စု တစ်စုတွင် တပ်မတော်မှ အရာရှိကြီး တစ်ဦး လိုက်ပါ၍ ယာဉ်အုပ်စု ၁၀ စုကို မေ ၉ ရက်တွင် စတင်စုဖွဲ့ခဲ့ပြီး မေ ၁၂ ရက်တွင် ရန်ကုန်စုရပ်မှ စတင်ထွက်ခွာကြသည်။

ယင်း သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနက် တစ်နာရီလျှင် သောက်ရေ ဂါလန် ၄၀၀ သန့်စင်ပေးနိုင်သည့် ရေသန့်စင်ယာဉ် အပါအဝင် ယာဉ် ၁၈ စီးပါဝင်သည့် ယာဉ်အုပ်စု(၁)သည် စစ်တွေမြို့သို့ မေ ၁၅ ရက်တွင် ရောက်ရှိ အခြေပြု၍ မေ ၁၆ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်-စစ်တွေ ကားလမ်း တစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ကျိုးကျ၍ လမ်းပန်းဆက်သွယ်မှုများ ပိတ်ဆို့လျက်ရှိသည့် သစ်ပင်၊ သစ်ကိုင်းများကို ရှင်းလင်း ဖယ်ရှားပေးခြင်း၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသောနေရာများသို့ ရေပေးဝေခြင်း၊ မိုးကာတဲများနှင့် တာပေါ်လင်များ ဖြန့်ဝေပေးခြင်းတို့ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်လျက်ရှိပြီး ယာဉ်အုပ်စုတွင် ပါဝင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း စစ်တွေမြို့ပေါ်၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့တွင် မေ ၁၆ ရက်၌ ရောက်ရှိအခြေပြု လျက်ရှိသည့် ရေသန့်စင်ယာဉ် အပါအဝင် ယာဉ် ၁၂ စီးပါဝင်သည့် ယာဉ်အုပ်စု(၆)မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့်လည်း ယနေ့တွင် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင် တစ်ဝိုက်တို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက် ပျက်စီးခဲ့ရသည်များကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်း သွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်အုပ်စုတွင် ပါဝင်သည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကလည်း ကျောက်ဖြူမြို့ပေါ်၌ လိုအပ်သည့် ဆေးကုသပေးမှုများကို ဆောင်ရွက်ပေးသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနေဖြင့် ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့တို့၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက်လမ်းကြောင်းတစ်လျှောက် သစ်ပင် သစ်ကိုင်း ပိတ်ဆို့လဲကျ နေမှုများကို ဖယ်ရှားရှင်းလင်းခြင်း၊ မြေပြိုပိတ်ဆို့မှုများကို ရှင်းလင်းခြင်းတို့ကို ပြုလုပ်၍ အမြန်ဆုံး ရောက်ရှိနိုင်ရေး ဆက်လက်ချီတက်လျက်ရှိကြောင်း သိရသည်။

အထူးဆေးကုသရေးအဖွဲ့နှင့် နယ်မြေခံကျန်းမာရေးအဖွဲ့များ ပူးပေါင်း၍ သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

အဆိုပါ ယာဉ်အုပ်စုများ၌ အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေး တပ်ဖွဲ့ဝင်များ၊ စစ်လက်နက် ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေး လုပ်ငန်းဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ ပါဝင်ပြီး ယာဉ်အုပ်စုများတွင် မော်တော်ယာဉ်များ၊ ပဲ့ချိတ်စက်များ၊ ဖိုက်ဘာတိုက်လေ့များ၊ ချိန်းဆောများနှင့် လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ် ဘောကွင်းများ၊ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာများ၊ မြွေအဆိပ်ဖြေဆေး အပါအဝင် ဆေးမျိုးစုံ၊ အရေးပေါ် ဆက်သွယ်ရေး စက်မျိုးစုံနှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများပါရှိကြောင်း သိရပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် မေ ၁၆ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး ယနေ့တွင် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဆေးကုသမှုပေးရန်လိုအပ်သော သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ဆေးကုသပေးနေမှုများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား ပြန်လည်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ရောက်ရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၇

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များက စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ လဲကျနေသောသစ်ပင်များကို ရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များတွင် ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သန္ဓေ၊ အရန်၊ ပရဟိတများ ပါဝင်သည့်တပ်ဖွဲ့ဝင်ဦးရေ ၄၁၈ ဦးသည် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့တွင် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ရှင်းလင်းရေးလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

၂၀၂၃ ခုနှစ် "ကမ္ဘာ့သွေးတိုးရောဂါနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အထိမ်းအမှတ်ဆောင်ပုဒ်

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ၂၀၂၃ ခုနှစ် "ကမ္ဘာ့သွေးတိုးရောဂါနေ့" အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"Measure Your Blood Pressure Accurately, Control It, Live Longer"** "သက်ရှည်ကျန်းမာနေနိုင်ဖို့ စနစ်တကျ သွေးပေါင်တိုင်းကာ ထိန်းညှိစို့" ဖြစ်ကြောင်း၊ ဆောင်ပုဒ်၏ဦးတည်ချက်သည် ပြည်သူလူထုအတွင်း သွေးတိုးရောဂါနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရန်၊ သွေးပေါင်ချိန်ကို စနစ်တကျ နည်းလမ်းမှန်စွာ တိုင်းတာတတ်စေရန်နှင့် ထိရောက်သောကုသမှုများ ရယူတတ်စေရန် ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် မတ်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယနေ့ကမ္ဘာတစ်ဝန်း၌ အသက် ၃၀ နှင့် ၇၉ နှစ်အကြား အသက်အုပ်စုတွင် သွေးတိုးရောဂါရှိသူ ၁ ဒသမ ၂၈ ဘီလီယံခန့်ရှိသည်ကို သိရကြောင်း၊ အဆိုပါ လူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် မိမိတို့တွင် သွေးတိုးရောဂါရှိမှန်း သတိမပြုမိသည့် အခြေအနေတွင် ရှိနေကြောင်း။

မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်တစ်ခုသည် သွေးတိုးရောဂါအပါအဝင် မကူးစက်နိုင်သော ရောဂါ ဖြစ်ပွားသေဆုံးမှုကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ၃၃ ရာခိုင်နှုန်း လျှော့ချရန်ဖြစ်ကြောင်း၊ အဆိုပါ ပန်းတိုင်ကိုပြည့်မီစေရန် သွေးတိုးရောဂါစစ်ဆေးပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ ထိရောက်သော ကုသမှုပေးခြင်းသည် လွန်စွာ အရေးကြီးသောအခန်းကဏ္ဍများ ဖြစ်သကဲ့သို့ ပြည်သူလူထုအကြား သွေးတိုးရောဂါအန္တရာယ်နှင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများဆိုင်ရာ အသိပညာမြှင့်တင်ခြင်းလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုနှင့် နေအိမ်၌ စနစ်တကျ သွေးပေါင်ချိန်တိုင်းတာခြင်း သရုပ်ပြဗီဒီယို ကိုပြသပြီး မြန်မာနိုင်ငံသွေးတိုးရောဂါအဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာရဲမြင့်က "သွေးတိုးရောဂါအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာပေးဟောပြောသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ပြခန်းကို ကြည့်ရှုသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသွေးတိုးရောဂါအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၄၉ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၉ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇-၅-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၄၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၃၉,၉၉၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၆၂၂) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၆,၄၄၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် မြန်မာနိုင်ငံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ်ရှိအဖွဲ့(ဗဟို)ရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဥက္ကဋ္ဌ ဦးဝဏ္ဏက ပြည်နယ်/တိုင်းဒေသကြီးနှင့်ခရိုင်အဖွဲ့များအနေဖြင့် ပါဝင်လျှောက်ထားနိုင်ရန် ဆွေးနွေးပြောကြားစဉ်။ တင်ဝင်းတင်

လေမုန်တိုင်းကျရောက်ခဲ့သည့်ဒေသများအတွက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်

လေမုန်တိုင်းကျရောက်ပြီးနောက် ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ ရေကြီးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ မြွေဆိုးကိုက်မှုအန္တရာယ်၊ အအေးမိ၍ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ခြင်မှတစ်ဆင့်ကူးစက်သော သွေးလွန်တုပ်ကွေးနှင့် ၄က်ဖျားရောဂါ၊ မသန့်ရှင်းသောရေနှင့် အစာကြောင့် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပွားတတ်ပါသဖြင့် အောက်ဖော်ပြပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည် -

၁။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော သတိပေးချက်များကို တိကျစွာလိုက်နာပါ။

၂။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့်မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိနိုင်သည့်အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။ ကလေးသူငယ်များကို သတိပေးပါ။

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ကို သတိပြုသွားလာပါ။ မြေပြင်ပေါ်ပြတ်ကျနေသော သို့မဟုတ် ရေထဲသို့ကျနေသော လျှပ်စစ်ဓာတ်ကြိုးများအနီးသို့ သွားလာခြင်းကို ရှောင်ကြဉ်ပါ။ ကလေးသူငယ်များကို သတိပေးပါ။

၄။ မြွေဆိုးအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုပါ။

၅။ အန္တရာယ်ရှိသည့် ပျက်စီးနေသော အဆောက်အအုံအတွင်းသို့ သွားလာခြင်းမပြုပါနှင့်၊

၆။ မသန့်ရှင်းသော အစားအစာနှင့် ရေမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနိုင်သဖြင့် FDA အသိအမှတ်ပြု သောက်ရေသန့်၊ သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြား စနစ်တကျခတ်ထားသောရေ သို့မဟုတ် ကလိုရင်းဆေးခတ်၍ သန့်စင်ထားသောရေကိုသာ သောက်သုံးပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသော ရေများကို လုံးဝမသောက်ပါနှင့်၊

၇။ အစာအဆိပ်သင့်မှု မဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ ရက်လွန်အစားအစာ၊ သိုးနေသော၊ မှိုတက်နေသောအစားအစာ၊ အမှည့်လွန်အသီးများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်၊

၈။ အစားအစာများ ကိုင်တွယ်ပြင်ဆင်ခြင်းမပြုမီ၊ အစားမစားမီနှင့် အိမ်သာအသုံးပြုပြီးချိန်တိုင်း ဆပ်ပြာနှင့် ရေကို အသုံးပြု၍ အနည်းဆုံးစက္ကန့် (၂၀) ကြာအောင် လက်ကိုစနစ်တကျဆေးကြောပါ။

၉။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ပါ။ သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုပါ။

၁၀။ သောက်သုံးရေသိုလှောင်ရာနေရာများနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်၊

၁၁။ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ပါ။ အမှိုက်များကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ အမှိုက်ပုံကို ထုံးဖြူးခြင်းတို့ကို ဆောင်ရွက်ပေးပါ။

၁၂။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ ရာသီဥတုနှင့်ကိုက်ညီသည့် အဝတ်အစားများ၊ ဥပမာ-နွေးထွေးသောအဝတ်များ ဝတ်ဆင်ပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၃။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများစသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

၁၄။ ခြင်အန္တရာယ်သတိပြုပါ။ မည်သည့်အချိန်တွင်မဆို ခြင်ထောင်ဖြင့်သာ အိပ်စက်ပါ။ ခြင်ကျား၊ ပိုးလောက်လမ်းနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

၁၅။ ထိခိုက်ဒဏ်ရာရရှိခြင်းအပါအဝင် ကျန်းမာရေးပြဿနာတစ်စုံတစ်ရာခံစားရပါက နီးစပ်ရာကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

လေမုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ

ပေါက်ပေါက်

လေမုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါဝိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားနိုင်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက အရည်ဝမ်းများသွားခြင်း၊ အော့အန်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်သည်။

> **“ ဝမ်းပျက်ဝမ်းလျှောခြင်းသည် မိုးတွင်းကာလတစ်ခုတည်းတွင်သာမဟုတ်ဘဲ အချိန်ကာလမရွေး၊ လူကြီးလူရွယ်လူငယ်မရွေး အခန့်မသင့်လျှင် ဖြစ်တတ်သည့် အဖြစ်များသောဝေဒနာများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှုန်းများပြားပြီး ၎င်းရောဂါသည် မြန်မာနိုင်ငံတွင် ဒုတိယအဖြစ်အများဆုံး ကလေးရောဂါတစ်ခုဖြစ်ကြောင်းနှင့် အထူးသဖြင့် လေမုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားနိုင်သည့် ရောဂါလည်းဖြစ်သဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ထားကြစေလို ”**

အကယ်၍ နာရီပိုင်းအတွင်းမှာပင် ဆန်ဆေးရည်အရောင်ဝမ်းများ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့တည်းတွင် ဝမ်းအရည် သုံးကြိမ်နှင့်အထက် ဝမ်းသက်ခြင်း၊ ဝမ်းတွင် သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ ဗိုက်နီး၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာ မသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအငမ်းမရသောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း၊ ပြန်အန်ထွက်ခြင်း စသည့်ရောဂါလက္ခဏာများပြနေပါက ဓာတ်ဆားရည် များများသောက်၍ နီးစပ်ရာဆေးရုံဆေးခန်းသို့ အချိန်မဆိုင်းဘဲ ပြသင့်သည်။

လေမုန်တိုင်းကျရောက်ပြီးနောက် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

(က) သောက်သုံးရေသန့်ရှင်းရေး

FDA အသိအမှတ်ပြုသောက်ရေသန့်ကို ရရှိရန် အခက်အခဲရှိပါက သောက်ရေကို ကျိုချက်၍ လည်းကောင်း၊ သောက်သုံးရေကို ကျန်းမာရေးဌာန၏ညွှန်ကြားချက်အတိုင်း စနစ်တကျ ရေသန့်စင်ဆေးပြားခတ်၍လည်းကောင်း၊ ကလိုရင်းဆေးကို နည်းစနစ်တကျခတ်၍လည်းကောင်း အသုံးပြုပါ။

(ခ) လက်သန့်စင်ရေး

အစားအစာများ ကိုင်တွယ်ပြင်ဆင်ခြင်း မပြုမီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးချိန်တိုင်း ဆပ်ပြာနှင့်ရေကို အသုံးပြု၍ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် လက်ကို စနစ်တကျဆေးကြောပါ။ လေမုန်တိုင်းရှောင်စခန်းများ၊ ကယ်ဆယ်ရေးစခန်းများတွင် လက်သန့်စင်ရေးအတွက် ဆပ်ပြာနှင့် ရေများ အသင့်ထားရှိပေးရန် လိုအပ်ပါသည်။

(ဂ) အစားအစာသန့်ရှင်းရေး

အစားအစာများကို သန့်ရှင်းစွာချက်ပြုတ်၍ ယင်မနားစေရန် ဖုံးအုပ်ပါ။ အစားအစာများကို ပူပူနွေးနွေးစားပါ။ မှိုတက်နေသာအစားအစာများ၊ ယင်နားစာများ၊ အမှည့်လွန်သောအသီးများကို မစားပါနှင့်။

(ဃ) အိမ်သာသန့်ရှင်းရေး

သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုပါ။ အခြားသူများသို့ ဆက်လက်၍ မကူးစက်နိုင်အောင် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်း (အိမ်သာ) ကို ရေနိုင်နိုင်လောင်းချသင့်ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားရသည့် လူနာ၏အည စ်အကြေးများ၊ အဝတ်အစားများကို သောက်သုံးရေကန်များ အနီးတွင် လျှော်ဖွပ်ခြင်းမပြုရပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် အိမ်တွင်းကုထုံးများ

အောက်ပါ အိမ်တွင်းကုထုံးများက ဝမ်းပျက်ဝမ်းလျှောခြင်းကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

✧ ရေဓာတ်ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းပေးသည့်အနေဖြင့် ရေကျက်အေး များများသောက်ပါ။ ဆားနှင့် သကြားကို ဆတူရောသောက်ပါ သို့မဟုတ် သီးစုံဓာတ်ဆားရည်သောက်ပါ။ လက်ဖက်ရည်ကြမ်းထဲကို သကြားအနည်းငယ် ထည့်သောက်ပါ။ ချင်းပြုတ်ရည် သောက်ပါ။ အမည်းရောင်ထန်းလျက်ကျိုပြီး အနည်စစ်သောက်ပါ။ အုန်းစိမ်းရည် သောက်ပါ။ (မည်သည့်အရည်မျိုးကိုပဲ သောက်သောက် အအေးခံသောက်ပါ)

✧ ဒိန်ချဉ်စားပါ။ ဒိန်ချဉ်ထဲတွင် ပါရှိသော လက်တစ်အက်ဆစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေတတ်သော ဗက်တီးရီးယားပိုးများကို သေစေနိုင်ပါသည်။ (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည် မရောဘဲ ဖြစ်နိုင်လျှင် သူ့ချည်းစားပါ)

✧ ဝမ်းသွားခြင်း ရပ်တန့်သွားသော်လည်းနောက် ၁၀ ရက်ခန့်ကြာသည်အထိ နို့ထွက်ပစ္စည်းများဖြစ်ကြသော နို့၊ ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်း၊ ကော်ဖီတို့ကို မစားသောက်သင့်ပေ။

✧ အာဟာရအပြည့်မြန်ကာ မပျော့လွန်းမမာလွန်း ကစီဓာတ်ကြွယ်ဝသောအစားအစာများ ဖြစ်ကြသည့် ထမင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲ၊ အာလူး၊ မုန်လာဥနီ၊ ကြက်သား၊ ငါး၊ ဘီစကွတ်မုန့်တို့ကို စားပေးနိုင်ပါသည်။

✧ အမျှင်ဓာတ်များသော အစားအစာများက အစာအိမ်နှင့် အူတို့ကို အလုပ်ရှုပ်စေသဖြင့် ဝမ်းလျှောပြီးနောက် သုံး၊ လေးရက်ခန့် ကြာသည်အထိ မစားသင့်ပေ။ (ကွေကာအုပ်ကလည်း အမျှင်ဓာတ်များသောအစားအစာ ဖြစ်၍ရှောင်ပါ)

✧ လိမ္မော်သီးအခွံများကလည်း ဝမ်းပျက်ဝမ်းလျှောခြင်းအတွက် ကောင်းကျိုးပြုနိုင်သောကြောင့် လိမ္မော်ခွံကို ပြုတ်၍သော်လည်းကောင်း၊ ရေနွေးဆူဆူတွင် ခတ်၍ သော်လည်းကောင်း အအေးခံသောက်သုံးသင့်ပါသည်။

✧ ဇီးသီးလုံးခန့် ပမာဏရှိသော နနွင်းမှုန့်ကို ရေနွေးကြမ်းဖြင့် သုံးရက်ဆက်တိုက် သောက်ပါ။ လုံးဝပျောက်ကင်းနိုင်ပါသည်။

✧ သီးသီးအမှည့်၊ သစ်ကြားသီးစားပါ။ ရေသဖန်းပင်အခေါက်ကို ပြုတ်သောက်ပါ။ မန်ကျည်းသီးစိမ်းစားပါ။ ပိန္နဲပွင့်သုပ်၊ ပိန္နဲသီးအနုဟင်းချက်စားပါ။ စမုန်နက်စားပါ။ ကရင်ဝေးသီးစားပါ။ ကြေးပန်းအရွက်ကို ပြုတ်သောက်ပါ။ ကြောင်လျှာမြစ် ပြုတ်သောက်ပါ။ သရက်စေ့အဆန်ကို ဝါးစားပါ။ ကြာဖြူကြာညိုဝတ်ဆံများ စားပေးပါ။ ငါးပြက်စားပါ။ ဂျီသား(ချေ)စားပါ။ ပရန္ဓဝါမြစ် သွေး၍သောက်ပါ။ ဇာတိဖွိုလ်သီး သွေးသောက်ပါ။ ဆန်ဆေးရည်သောက်ပါ။ ကရမက် သွေး၍သောက်ပါ။

✧ မြေအိုးတစ်လုံးထဲတွင် ကန်စွန်းရိုးနီ ၁၁ ပင်ကို သင့်သလိုဖြတ်တောက်၍ အညိုရောင်ထန်းလျက် ၁၅ ကျပ်သားထည့်ကာ ကန်စွန်းပင ်များ ရေမြုပ်သည်အထိ ရေဖြည့်၍ ကန်စွန်းညွှန ်များ နူးအိလာအောင် ပြုတ်ပေးပါ။ ထိုပြုတ်ရည ်နွေးနွေးကို ရေဆာတိုင်း သောက်ပါ။ တစ်ကြိမ် သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံး တစ်လုံးစာ သောက်ရပါမည်။ ဤနည်းအတိုင်း ငါးကြိမ်၊ ခြောက်ကြိမ်ခန့် သောက်ပြီးပါက သူ့အလိုလို ဝမ်းရပ်သွားပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုသော် ဝမ်းပျက်ဝမ်းလျှောခြင်းသည် မိုးတွင်းကာလတစ်ခုတည်းတွင်သာ မဟုတ်ဘဲ အချိန်ကာလမရွေး၊ လူကြီးလူရွယ်လူငယ်မရွေး အခန့်မသင့်လျှင်ဖြစ်တတ်သည့် အဖြစ်များသော ဝေဒနာများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက် ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှုန်းများပြားပြီး ၎င်းရောဂါသည် မြန်မာနိုင်ငံတွင် ဒုတိယအဖြစ်အများဆုံး ကလေးရောဂါတစ်ခုဖြစ်ကြောင်းနှင့် အထူးသဖြင့် လေမုန်တိုင်းကျရောက်ပြီးနောက် ဖြစ်ပွားနိုင်သည့် ရောဂါလည်းဖြစ်သဖြင့် အထက်တွင် ဖော်ပြထားသောအချက်အလက်များ အတိုင်း ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ထားကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၇

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်ခင်မြမူ၊ ရှမ်းပြည်နယ် မိုင်းလားမြို့နယ်နေ အောင်ဖြိုး(ခ)ဦးဖြိုးတို့က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နေ မ---၊ ၁၉/၂၀၁၉ နှစ်အား ရှမ်းပြည်နယ် မိုင်းလားမြို့တွင် အိမ်အကူလုပ်ကိုင်ပါကတစ်လလျှင် မြန်မာငွေကျပ် သိန်း ၄၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်မယားအဖြစ် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၁၆ ရက်တွင် တရားခံ ဒေါ်ခင်မြမူအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ တရားခံ အောင်ဖြိုး(ခ)ဦးဖြိုးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့အား ကြိုဆို

ရန်ကုန် မေ ၁၇

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ည ၇ နာရီ မိနစ်၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အမှတ် 8M–402 ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိဘပြည်သူများက ပန်းစည်းများဖြင့် ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် ပိုက်ကျော်ခြင်းအားကစားနည်း Men's Team Doubles ပြိုင်ပွဲနှင့် Women's Doubles ပြိုင်ပွဲတို့တွင် ငွေတံဆိပ်ရရှိခဲ့သူများနှင့် Men's Doubles ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသူများ၊ ငွေတံဆိပ်ဆုရရှိခဲ့သည့် အမျိုးသမီးဘောလုံးအသင်း၊ တိုက်ကွမ်ဒို အားကစားနည်း အမျိုးသမီး တစ်ဦးချင်း Free Style Poomsae ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း Recognized Poomsae ပြိုင်ပွဲ၊ အမျိုးသား(–74) ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (+73) ကီလိုပြိုင်ပွဲတို့တွင် ကြေးတံဆိပ်ရရှိသူများနှင့် အမျိုးသားဘောလုံးအသင်းတို့ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **သတင်းစဉ်**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၇

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ဖနွမ်းပင်မြို့ရှိ မိုရိုဒေါ့တီချိုကွင်း၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်တက်ရောက်ခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပိတ်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ပိတ်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်နိုင်ငံများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများလည်း တက်ရောက်ခဲ့သည်။ ထို့ပြင် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံကို ပြိုင်ပွဲကျင်းပရေးအလံ လွှဲပြောင်းပေးအပ်သည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံးမှ အားကစားသမား ၆၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ်စုစုပေါင်း ၅၈၆ ခု ချီးမြှင့်ခဲ့သည်။

သတင်း – ရွှင်းထက်ဇော်
ဓာတ်ပုံ – seagames 2023

★ **ကျော်ဖိုးမှ**

မြန်မာအားကစားအဖွဲ့အနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း ရွှေတံဆိပ် အများဆုံး ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခုရရှိခဲ့သော်လည်း ယခု (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အပါအဝင် ငွေနှင့် ကြေးတံဆိပ်အားလုံး ရရှိမှုမှာ သိသိသာသာတိုးတက်လာခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခုအထိ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – seagames2023

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှုစာရင်း

စဉ်	အားကစားနည်း	ဆုရရှိမှု				မှတ်ချက်
		ရွှေ	ငွေ	ကြေး	စုစုပေါင်း	
၁	ဝိုဒီနမ်	၄	၃	၁၇	၂၄	
	ဝိုဒီနမ်(ခွန်ဘိုကာတာ)	၁	၂	၆	၉	
	ဝိုဒီနမ်(အားနစ်)	၂	၂	၈	၁၂	
၂	ပိုက်ကျော်ခြင်း	၂	၂	၁	၅	
	ခြင်းလုံး	၄	၃	၁	၈	
၃	ဘီလီယက်/စနူကာ	၃		၂	၅	
၄	ရိုးရာလေ့	၁	၅	၂	၈	
၅	ခုန်ကူး	၁	၃	၃	၇	
၆	တိုက်ကွမ်ဒို	၁		၄	၅	
၇	အလေးမ	၁		၂	၃	
၈	ပိတန်း	၁			၁	
၉	ခွန်ခမာ		၂	၇	၉	
၁၀	ဂျူဒို		၁	၃	၄	
၁၁	ဘောလုံး(အမျိုးသမီး)		၁		၁	
၁၂	ကြက်တောင်		၁		၁	
၁၃	လက်ဝှေ့			၆	၆	
၁၄	စစ်တုရင်			၂	၂	
၁၅	ပြေးခုန်ပစ်			၂	၂	
၁၆	ခရစ်ကက်			၁	၁	
၁၇	E Sports			၁	၁	
	စုစုပေါင်း	၂၁	၂၅	၆၈	၁၁၄	

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်း ဗိုလ်စွဲ

ရန်ကုန် မေ ၁၇

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၆ ရက် ညပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပရာ အင်ဒိုနီးရှားအသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားရာ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ နှစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရကာ စုစုပေါင်း ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၁၉၉၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရပြီးနောက်ပိုင်း ရွှေတံဆိပ်ဆုနှင့် ဝေးကွာနေသည့် အင်ဒိုနီးရှားအသင်းသည် နှစ်ပေါင်း ၃၀ ကျော်ကြာမှ တစ်ကျော့ပြန် ရွှေတံဆိပ်ရခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခြင်းဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို သက်တမ်းအလိုက်ပြောင်းလဲပြီးနောက်ပိုင်း ပထမဆုံး ဗိုလ်စွဲခြင်းလည်းဖြစ်သည်။ **သတင်း– ကိုညီလေး**

ဓာတ်ပုံ– seagames2023

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် မေ ၁၇

၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

လွှဲပြောင်းပေးအပ်

ဆီးဂိမ်းပြိုင်ပွဲ (အရှေ့တောင်အာရှအားကစားပြိုင်ပွဲ)ကို နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၃၃) ကြိမ်မြောက်ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားခြင်းဖြစ်သည်။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မေ ၁၇ ရက်က ပြုလုပ်သည့် ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်အလံကို ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉၊ ၁၉၆၇၊ ၁၉၇၅၊ ၁၉၈၅၊ ၁၉၉၅၊ ၁၉၉၇၊ ၂၀၀၇ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ၂၀၂၅ ခုနှစ်တွင် ခုနစ်ကြိမ်မြောက်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်တွင် နောက်ဆုံးလက်ခံကျင်းပပြီးနောက် ၁၈ နှစ်အကြာတွင် အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခြင်းဖြစ်သည်။

ရွှင်းထက်ဇော်

ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ကျင်းပမည်

ရန်ကုန် မေ ၁၇

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံသည် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဆက်လက်လက်ခံ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ ရက်အထိ ဖနွမ်းပင်မြို့၌ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၁၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ထပ်မံလက်ခံကျင်းပရခြင်းဖြစ်သည်။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မျက်မမြင်ဘောလုံး၊ Boccia၊ စစ်တုရင်၊ GoalBall၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဂျူဒို၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ထိုင်လျက်ဘော်လီဘောနှင့် ဂီးချဲဘတ်စကက်ဘောပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် ၁၉၅ ခု၊ ငွေတံဆိပ် ၁၄၄ ခု၊ ကြေးတံဆိပ် ၁၆၁ ခု ဆွတ်ခူးရရှိထားကြောင်း မှတ်တမ်းများအရ သိရသည်။

ကိုညီလေး

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာနေ သူရိန်စိုး(ခ)ကြာရိုး၊ ဖြိုးနိုင်(ခ)ဖြိုးပိုင်၊ ညိုညိုစုန်းနှင့် ယမုံအေးတို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် "Kyar Yoe" Facebook အကောင့်၊ "Phyo Pyai" Facebook အကောင့်၊ "Nyo Nyo Sann" Facebook အကောင့်နှင့် "Yamon Aye" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ အောင်ဇေလင်း(ခ)ဖိုးတုတ်သည် ၎င်းအသုံးပြု သည့် "Aung Zay Linn" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၅-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စံရှာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၁၅	၁၉၆၅	၁၉၅၅	၁၉၂၅	၁၉၆၀	၁၉၈၅	၁၉၇၀	၁၉၅၀	၂၀၄၅	၂၀၆၀	၁၉၅၅	၁၉၆၅	၂၀၀၀	၂၀၀၀	၂၀၀၅	၂၂၃၀	၂၈၁၀
95 Ron	၂၀၀၅	၂၀၅၅	၂၀၅၀	၂၀၁၀	၂၀၅၀	၂၀၇၅	၂၀၆၀	၂၀၃၅	၂၁၃၅	၂၁၅၀	၂၀၄၅	၂၀၆၀	၂၀၉၀	၂၀၉၀	၂၀၉၀	၂၃၂၀	၂၈၈၅
HSD (500 ppm)	၁၈၈၅	၁၉၃၅	၁၉၃၅	၁၈၉၅	၁၉၃၅	၁၉၆၀	၁၉၅၅	၁၉၂၀	၂၀၄၀	၂၀၃၅	၁၉၂၅	၁၉၄၀	၁၉၇၀	၁၉၇၅	၁၉၇၅	၂၂၀၅	၂၉၀၀
HSD (50 ppm)	၁၉၆၅	၂၀၁၅	၂၀၁၅	၁၉၇၅	၂၀၁၅	၂၀၄၀	၂၀၃၅	၂၀၀၀	၂၁၂၀	၂၁၁၅	၂၀၀၅	၂၀၂၀	၂၀၅၀	၂၀၅၅	၂၀၅၅	၂၂၈၅	၂၉၃၀
HSD (10 ppm)	၁၉၆၅	၂၀၁၅	၂၀၁၅	၁၉၇၅	၂၀၁၅	၂၀၄၀	၂၀၃၅	၂၀၀၀	၂၁၂၀	၂၁၁၅	၂၀၀၅	၂၀၂၀	၂၀၅၀	၂၀၅၅	၂၀၅၅	၂၂၈၅	၂၉၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၁၃	၁၈၈၂
95 Ron	၁၈၉၉	၁၉၇၀
HSD (500 ppm)	၁၇၈၉	၁၈၅၅
HSD (50 ppm)	၁၈၆၃	၁၉၃၀
HSD (10 ppm)	၁၈၆၃	၁၉၃၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိုဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆု(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချုပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆု	၇၂၀	-
၂။	သာသနာ့ဝိဟာရ်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၉၃ သိန်း	၄၀၈၀၇ သိန်း
၃။	သုမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၆	-
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေလျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၄ ခု	၁၄ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၆ တိုင်	၃ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၃၂. ၀၀	၂၀၀ ခန်း	၁၆ ခန်း	၁၈၄ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၅ ခန်း	၃၆၀ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၅၅ ခု	၄၉၇ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျင်း	-	၇၅၇၆. ၃၅ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	-	၈၄၇၃ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၈၅ သိန်း	၁၇၃၄၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၂ ခု	-	၁၂၂ ခု
၂၁။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၁၀၀၀ စုံ	၅၈၆ စုံ	၄၁၄ စုံ
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၂၄၄ စုံ	၂၅၆ စုံ

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြီတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇောဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၁၇၀၀၁၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၅၄၊ ၀၉-၂၅၅၈၂၂၅၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပိဋကတ်ကျောက်စာမမွေစေတီတော်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၂၇၈။	နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့်ဇနီး ဒေါ်ညိုမိစောမိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၁၈၉၀၀၀၀၀
၄၂၇၉။	စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) မိသားစုများကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၆၀၀၀၀၀၀
၄၂၈၀။	စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၂၃၀၄၀၀၀၀
၄၂၈၁။	စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၀) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၁၂၉၀၀၀၀၀
၄၂၈၂။	စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၆၀၀၀၀၀၀
၄၂၈၃။	ဒေါက်တာသန်းထွန်းနှင့်ဇနီး ဒေါ်သန်းသန်းဌေး မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၇၉၀၀၀၀၀
၄၂၈၄။	(ဦးဝင်းဆွေ)+ဒေါ်မင်းသွယ်နု၊ (သား)အကယ်ဒမီဆန့်စည်သူ မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု တတိယအကြိမ်)	၅၀၀၀၀၀၀
၄၂၈၅။	နှစ်ဖက်မိဘနှင့်ဆွေမျိုးများအားရည်စူး၍ ဓာတ်ပုံဆောင်ဦးသန်းဌေး+ဒေါ်အမာမြင့်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု တတိယအကြိမ်)	၃၀၀၀၀၀၀
၄၂၈၆။	နှစ်ဖက်မိဘနှင့်ဆွေမျိုးများအားရည်စူး၍ ဦးသန်းရွှေ+ဒေါ်ခင်တုတ်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု တတိယအကြိမ်)	၃၀၀၀၀၀၀
၄၂၈၇။	ဦးခင်မောင်ဆွေ၊ ဦးကျော်ကောင်းချို၊ ဦးဇော်ဝင်းမြင့်၊ ဦးသိန်းမြင့်မွန် မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆု ဒုတိယအကြိမ်)	၁၀၀၀၀၀၀

သာသနိကအဆောက်အဦ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၂၈၈။	သီရိပျံချီဦးတင့်လွင်(ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့) နှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့်မိသားစုကောင်းမှု	၅၀၀၀၀၀၀
၄၂၈၉။	ဦးစိုးမြင့်နှင့်ဇနီး ဒေါ်နန်းသန်းကြည်မိသားစုကောင်းမှု ငွေဆင်ကျောက်မျက်ရတနာကုမ္ပဏီလိမိတက် (မဟာရံတံတိုင်းမြေထိန်းနံရံ-၃ ခန်း)	၂၁၆၀၀၀၀၀
၄၂၉၀။	တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု	၅၀၀၀၀၀၀
၄၂၉၁။	ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု	၅၀၀၀၀၀၀
၄၂၉၂။	စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု (မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး-၁ ခန်း)	၃၁၀၀၀၀၀၀
၄၂၉၃။	စခန်းမှူးရုံးမှ အရာရှိ၊ စစ်သည်မိသားစုများကောင်းမှု (မြန်မာမှုတစ်ဖက်လှုံ့ခြစည်းရိုး-၁ ခန်း)	၃၁၀၀၀၀၀၀
၄၂၉၄။	ဒေါ်ခင်လှဝင်းကောင်းမှု	၁၅၀၀၀၀၀
၄၂၉၅။	ဖခင်ကြီး ဦးမြရွှေ+မိခင်ကြီး ဒေါ်ခင်ရွှေတို့အားရည်စူး၍ ဦးတင်ဦး+ဒေါ်ဝင်းဝင်းချိုမိသားစုကောင်းမှု (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်-၁ ခု)	၇၀၀၀၀
၄၂၉၆။	ဦးသိန်းထွန်းအေးကောင်းမှု	၅၅၀၀၀
၄၂၉၇။	ကွယ်လွန်သူဒေါ်အုန်းမြင့်အားရည်စူး၍ ဦးလှသန်းနှင့်(သမီး) မနီလာ၊ မဝါဝါသန်းမိသားစုကောင်းမှု	၅၀၀၀၀
၄၂၉၈။	ဦးဆန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးကြည်မိသားစုကောင်းမှု	၅၀၀၀၀
၄၂၉၉။	ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ခင်စိန်ဝင်း၊ (သား)ကိုစောသီဟနိုင်နှင့်ဇနီး မအေးရှင်၊ (မြေးမလေး)မချစ်သွန်းရတနာ၊ (သား)ကိုအောင်သီဟနိုင်မိသားစုကောင်းမှု	၅၀၀၀၀
၄၃၀၀။	တပ်ကြပ်ကြီးဟန်ဇင်ဝင်းကောင်းမှု (တောင်တွင်းကြီးမြို့)	၅၀၀၀၀
၄၃၀၁။	ဦးအောင်စိုးနှင့်ဇနီး ဒေါ်ချိုဇင်ဦးမိသားစုကောင်းမှု	၅၀၀၀၀

ပိဋကသုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၃၀၂။	မြတ်မြို့နယ်ပညာရေး(ငွေစုငွေချေး) သမဝါယမအသင်းကုမ္ပဏီလိမိတက်မှ ဝန်ထမ်းမိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၂ စုံ)	၄၀၀၀၀၀
၄၃၀၃။	ဦးချစ်သောင်း(ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်ပြည်သူ့ကြီးကြပ်ရေး ကောင်စီ၊ ဌာနမှူး(စီမံ၊ ဘဏ္ဍာ)(ငြိမ်း))၊ (ဒေါ်မြင့်မြင့်)၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စု ကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၃၀၄။	ကွယ်လွန်သူဖခင်ကြီး ဦးကျော်တင်နှင့်မိခင်ကြီး ဒေါ်မြရင်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်မိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၃၀၅။	ဦးတင်လှိုင်+ဒေါ်ခင်အေးကြည်၊ ဒေါ်ခင်ဦးလှိုင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀
၄၃၀၆။	နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်ချုပ် ဇေယျကျော်ထင်ဇော်ဟိန်းနှင့်ဇနီး ဒေါ်ယမင်းအောင် (သမီး)မရှင်းသန့်မိုး၊ မသီရိမိုးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀
၄၃၀၇။	EAGER 3 Co.,Ltd မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၅ စုံ)	၆၀၀၀၀၀
၄၃၀၈။	ကျေးဇူးတော်ရှင်မိုင်းဖုန်းဆရာတော်ဘုရားကြီးအား အမှူးထား၍ မိခင်ကြီး ဒေါ်စိန်ရီ၊ ဗိုလ်မှူးကြီးမင်းမင်းလွင်နှင့် သား၊ သမီး၊ မြေး၊ မြစ်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀
၄၃၀၉။	နှစ်ဖက်သောမိဘများဖြစ်ကြသော (ဦးရွှေလှိုင်+ဒေါ်မြင့်စိန်)၊ (ဦးကျော်ဇော+ဒေါ်မြိုင်)နှင့် ဦးလေး(ဦးအောင်စိန်)တို့အားရည်စူးအမှူးထား၍ ဗိုလ်ကြီးစိုးသိန်း(ငြိမ်း)+ဒေါ်စိုးစိုးနွယ် သားသမီးများဖြစ်ကြသော ဦးစစ်မင်းမျိုး+ဒေါ်နုနွှာသိန်း၊ ဗိုလ်ကြီးအောင်ဇေယျ+ဒေါ်ဆုမွန်ဖြိုးဝေ နှင့်မြေးများဖြစ်ကြသော မသွန်းဆုရွှေစင်၊ မောင်အောင်ခန့်ညားသွင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀

"သက်ဆိုင်သူများသိစေရန် ကြေညာခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ပြည်ထောင်စုလမ်းမကြီးနှင့် ရွှေမြေလမ်းထောင့် **N.T.T – Nature Timber Trading Co.,Ltd, J.L.P.C–Jewellery Lucky Production Company Limited** သစ်ပါးလွှာစက်ရုံ(မုံရွာ)၌ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေအရ ၂၀၁၉ ခုနှစ်၊ မတ်လမှ ဩဂုတ်လထိ အလုပ်သမား(၃၃၅)ဦးအတွက် ခံစားခွင့်ငွေ (၃၂၃၅၆၀၆/-)ကျပ် ပေးချေရန်ကျန်ရှိမှုအပေါ် (၄-၄- ၂၀၂၃)ရက်နေ့မှ (၉-၅-၂၀၂၃)ရက်နေ့ထိ အလုပ်သမား(၂၄၈)ဦးအတွက် (၂၇၀၁၂၂၈၆/-)ကျပ်အား ပေးချေပြီး ဖြစ်ပါသည်။ သို့ပါ၍ ပေးချေရန်ကျန်ရှိသည့် ဆက်သွယ်မရရှိသူ (၈၇)ဦးအတွက် ခံစားခွင့်ငွေ (၅၃၄၅၃၂၀/-)ကျပ်အား ကြော်ငြာပါသည့်နေ့ရက်မှစ၍ စက်ရုံ ရုံးဖွင့်ရက်၊ ရုံးဖွင့်ချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် လာရောက်ထုတ်ယူသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့) ငွေထုတ်ပေးရန် ခိုင်လုံသော အထောက်အထားတစ်ခုခု ယူဆောင်လာကြပါရန် အသိပေးကြေညာအပ်ပါသည်။

စဉ်	စက်ရုံအမည်	ခုနှစ်	အလုပ်သမားဦးရေ	အလုပ်သမားများသို့ပေးရန်ငွေ	မှတ်ချက်
၁။	**N.T.T/J.L.P.C** သစ်ပါးလွှာစက်ရုံ	၂၀၁၉	(၈၇)ဦး	(၅၃၄၅၃၂၀/-)ကျပ်	

N.T.T/J.L.P.C သစ်ပါးလွှာစက်ရုံ(မုံရွာ)
ပြည်ထောင်စုလမ်းနှင့်ရွှေမြေလမ်းထောင့်-မုံရွာမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမကြီး၊ မှဒိတာအိမ်ရာ(၁)၊ အခန်းအမှတ် B-749 အခန်းအား ဒေါ်နန်းမျိုးခမ်း(ဘ) ဦးမောင်လွင် [၁၄/အဂပ(နိုင်)၁၂၂၀၁၈]မှ ၃-၁-၂၀၂၁ရက်တွင် အမည်ပေါက်ပိုင်ဆိုင်သော ဦးဝင်းနိုင်ဦး(ဘ) ဦးဟန်တင် [၁၂/ဥကတ(နိုင်)၀၄၉၁၁၄၆]ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ယင်းတိုက်ခန်းအား တော်ဝင်မိသားစုကုမ္ပဏီတွင် ကျွန်မ ဒေါ်နန်းမျိုးခမ်းမှ အမည်ပြောင်းခြင်းအား ဆောင်ရွက်မည်ဖြစ်သည့်အတွက် ယင်းတိုက်ခန်း အမည်ပေါက်ဆောင်ရွက်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း တော်ဝင်မိသားစုကုမ္ပဏီတွင် အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းမျိုးခမ်း
ဖုန်း-၀၉-၉၇၅၁၀၉၈၅

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ဝင်းထွန်း[၁၂/ပဘတ(နိုင်)၀၀၂၅၇၉]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် (MF-072713)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09-978633368

ပျောက်ဆုံးကြောင်း

ဦးနိုင်လင်း [၁၂/ဥကမ(နိုင်)၂၀ဖဖ၉၉]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (MA-447142) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-699883415

အမည်ပြောင်း

သဃီန်းကျွန်းမြို့နယ်ရှိ ဦးပြည့်ဖြိုးအောင်၏ သားဖြစ်သူ မောင်အာကာအောင်အား ယနေ့မှစ၍ မာန်ဟိုဏ်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မာန်ဟိုဏ်းခန့်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၁)လမ်း(အနောက်ခြမ်း)၊ အိမ်အမှတ်(၁၉၀)၊ အကျယ်အဝန်း (၁၃၀ × ၆၀၀)ရှိ အိမ်ခြံမြေကွက်နှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူဖြစ်သော (၁) ဦးကျော်မင်း(၁၂/ဥကမ(နိုင်)၂၀၃၄၈၈)နှင့် (၂) ဦးသူရစိုး (၁၂/ဥကမ(နိုင်)၂၂၁၄၂၅) တို့ထံမှ ကျွန်ပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်ပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဝါဝါစိန်(၁၂/ဗဟန(နိုင်)၀၅၁၀၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုနန္ဒာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၄၂)
အမှတ်(၄၁)၊ အာသာဝတီ(၃)လမ်း၊ (၂)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) ၀၉-၂၅၂၄၀၀၃၀၂၂ ၀၉-၈၉၄၉၀၀၀၄၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ် လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်း ဘေလီသံပေါင်နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် တိုင်းရင်းသားပဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၇၈၅၅ နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၂၃ ရက်မှ ၃၀-၅-၂၀၂၃ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၅-၆-၂၀၂၃ ရက် (၁၆:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာ၀ယ်ယူ တင်သွင်းနိုင်သည့်နေရာ - ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)
(ဃ) လုပ်ငန်းတင်ဒါဖွင့်မည့် ရက်/အချိန် - တင်ဒါကုမ္ပဏီများအား ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁အရ AQUILA NEBULA HOLDING CO.,LTD အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

AQUILA NEBULA HOLDING CO.,LTD၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

အစည်းအဝေးကျင်းပမည့်ရက် ။	။ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ၊ (၇)ရက်
အစည်းအဝေးကျင်းပမည့်အချိန် ။	။ နံနက် ၁၀း၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။	။ ကုမ္ပဏီရုံးခန်း

AQUILA NEBULA HOLDING CO.,LTD၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ရှင်းလင်းတင်ပြကာအတည်ပြုချက် ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်အေးမင်းမင်းသိမ့်(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER-00118)
The Solution Power Legal Consultant and Investment Co.,Ltd
အမှတ်-၉၃၆၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-5098942,09-795921932

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ ထူပါရုံ(၃)လမ်း(အနောက်)၊ အမှတ်-၁၀၉၃(ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်-(၁)၊ မြေကွက်အမှတ်-၁၀၉၃(ခ)၊ အကျယ်အဝန်း(အလျား ၂၀၀x အနံ ၆၀၀၀)ရှိ ဒေါ်ခင်ခင်အေး အမည်ပေါက် နှစ်(၆၀) မြေဌားဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဒေါ်ခင်ခင်အေး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်သည့် ၎င်း၏ မောင်/ညီမများ ဖြစ်သည့် ဒေါ်လှလှ [၁၂/စခန(နိုင်)၀၁၈၆၇၃] + (၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမြင့် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့လွန်သင်တန်း၀င်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ခေါ်ယူမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘွဲ့လွန်သင်တန်း၀င်ခွင့် လျှောက်လွှာခေါ်ယူခဲ့ရာတွင် အမှတ်စဉ် (၂/စ)၌ ပါ၀င်သည့် မွေးမြူရေးပညာမဟာဘွဲ့ (M.A.Sc.) သင်တန်းအတွက် (၂၀၂၃) ခုနှစ်အထိ B.A.Sc. ဘွဲ့ရရှိသူများ (အစား) (၂၀၂၁)ခုနှစ်အထိ B.A.Sc. ဘွဲ့ရရှိသူများဟုလည်းကောင်း၊ အမှတ်စဉ် (၂/ဆ)၌ ပါ၀င်သည့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.) သင်တန်းအတွက် (၂၀၂၃)ခုနှစ်အထိ B.V.Sc./D.V.M. ဘွဲ့ရရှိသူများ (အစား) (၂၀၂၁)ခုနှစ်အထိ B.V.Sc./D.V.M. ဘွဲ့ရရှိသူများဟုလည်းကောင်း ပြင်ဆင်မည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း ၀၆၇-၃၄၁၆၆၅၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ၀ယ်ယူရန်လျာထားသော လမ်းကြိတ်စက်(8-10 Tons)(၁)စီးအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ၀ယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန် - ၁၈-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်အထိ(ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၂၅-၅-၂၀၂၃ ရက်
တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း ဖုန်း(၀၉-၂၆၃၈၄၄၀၁၃)သို့ စုံစမ်း၀ယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မှ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်တံတား လုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၇၈၅၅ နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၂၃ ရက် မှ ၃၀-၅-၂၀၂၃ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၅-၆-၂၀၂၃ ရက် (၁၆:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာ ၀ယ်ယူတင်သွင်းနိုင်သည့် နေရာ - ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)
(ဃ) လုပ်ငန်းတင်ဒါ ဖွင့်မည့်ရက်/အချိန် - တင်ဒါကုမ္ပဏီများအား ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ငထွေရူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၂၅၆၁+၂၅၆၂)၊ အကျယ် (၅၀ x ၅၀) ပေ ဧရိယာ (၂၅၀၀) စတုရန်းပေရှိ ဒေါ်နီနီဝင်း အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး `လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းအေး [၁၂/ဒလန(နိုင်)၀၃၉၈၆၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"ဝယ်သူ၏ လွှဲအပ်ချက်အရ"
"တရားလွှတ်တော်ရှေ့နေများ"

ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅) LL.B., WIPO (Switzerland)
ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂) (LL.B., D.B.L, D.I.L)
အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
Ph:01-385205, 09-420088970

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၀၊ မြေကွက်အမှတ်(၃၆၉)ဟုခေါ်တွင်သည့် ဒလမြို့နယ်၊ အုံကြီးအရေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃၆၉)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို အချုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် မြို့ပြမြေယာဌာနတွင် အမည်ပေါက်လျက်ရှိသော ဦးလွင်ဝေယံအောင် [၁၂/လမန(နိုင်)၁၅၅၀၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဆွမ်းဆီ [၁၃/လရန(နိုင်)၁၈၉၃၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇)
အမှတ် - ၆၂ (ပထမထပ်)၊ အခန်းအမှတ် -၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၅၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဇွန်သီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒုတကကျော်သူ (ကိုယ်ပိုင်အမှတ်၊ ၆၆ဂ၃၀၅)၊ မှတ်ပုံတင်အမှတ်- PMA ၂၇၃၉၄၁၊ အဖအမည် ဦးစိန်ညိုး၊ အမည်ပေါက် ပါမစ်မြေကွက်အမှတ်၊ ပစ(င)၄၁၀၂အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းနွယ်ဦး၊ မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၀၁၄၉၀၂]၊ အဖအမည် ဦးကျော်ဆင့်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက် မှုရင်း၊ မြေကွက် ဖိုးပေးသွင်းချလန် မိတ္တူ၊ ဒုတကကျော်သူသေဆုံးခြင်း လက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦ ပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေဌားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်နှိုးကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနနှစ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ သခင်မြလမ်းသွယ်၊ အမှတ်(၁၃၀၉/ခ)၊ အလျားပေ(၂၀) x အနံ(၆၀)ပေ (ဦးသောင်းဝင်း၊ [၁၂/အစန(နိုင်)၀၄၉၀၈၅၅] အမည်ပေါက် ပါမစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမူ [၁၂/လသယ(နိုင်)၀၄၅၅၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်လွင် [၈/နမန(နိုင်)၀၃၅၂၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်ဌေယ် (LL.B)(စဉ်-၁၆၉၉၇) ဒေါ်သန္တာစိုး(LL.B)(စဉ်-၁၇၀၂၅)
တရားလွှတ်တော်ရှေ့နေများ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်။
ဖုန်း- ၀၉-၄၂၁၀၄၃၇၇၈၊ ၀၉-၄၂၁၀၈၄၃၁၁

"ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/သင်္ဘောကျင်း)၊ မြေကွက်အမှတ်(၂၆၉)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၆၉၊ မြို့မလမ်း၊ သင်္ဘောကျင်းရပ်ကွက်၊ ဒေါ်ပုံမြို့နယ်၊ ဒေါ်စန်းစန်းကြည် [၁၂/ဒပန(နိုင်)၀၂၁၆၉၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားလို ဦးထွန်းခိုင်၊ ဒေါ်မြခွါညိုတို့မှ တရားပြိုင် ဒေါ်စန်းစန်းကြည် အပေါ် ဒေါ်ပုံမြို့နယ် တရားရုံး၊ ၂၀၁၉ ခုနှစ်၊ တရားကြီးမှု အမှတ်-၃၆ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့် အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခြင်း အပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၉-စ-၂၀၂၀)ရက်စွဲပါ စီရင်ချက် အနိုင်ဒီကရီ၊ ဒေါ်ပုံမြို့နယ်တရားရုံး ၂၀၂၁ ခုနှစ်၊ တရားမဇာဝီမှုအမှတ်-၃၉/၂၀၂၁ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၉-၁၂-၂၀၂၁)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဒေါ်ပုံမြို့နယ်တရားရုံးမှ (၁၆-၆-၂၀၂၂)ရက်စွဲပါ စာအမှတ်-၁၆၁/၁၃-၁/၂၀၂၂ဖြင့် ဦးဆောင်းလွင်ဦးအား ဘီလစ်ခန့်အပ်ပြီးကြောင်းဌာနသို့ အကြောင်းကြားသည့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပိုကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၂၆၅)၊ နှစ်ခန်းတွဲRC(၆)ထပ်တိုက်မှ ထပ်ခိုးပါ မြေညီထပ်၊ ထပ်ခိုး ဧရိယာ(၂၀၉)စတုရန်းပေ၊ မြေညီဧရိယာ(၄၇၃)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမြေးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတိုးမောင်မောင် [၉/မထလ(နိုင်)၁၉၉၄၇၇]၊ ဒေါ်သင်းသင်းရွှေအေး [၁၁/တကန(နိုင်)၀၆၆၃၉၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မဟူရာဒေဝီဖြိုး [၅/မရန(နိုင်)၁၉၈၀၆၅]မှအပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မဟူရာဒေဝီဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းဖိုး LL.B,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
အမှတ် (၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဇွန်သီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒုအရာခံ ဗိုလ်စန်းယုဟန် (ကိုယ်ပိုင်အမှတ်-၇၃၄၇၅၄)၊ အဖအမည် ဦးသိန်းဟန် အမည်ပေါက် ပါမစ်မြေကွက်အမှတ်၊ ပစ(င)၃၅၅၀ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူအေး၊ မှတ်ပုံတင်အမှတ် [၉/တကန(နိုင်)၀၉၈၆၃၇]၊ အဖအမည် ဦးဖိုးရင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက် ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုအရာခံဗိုလ်စန်းယုဟန်၏သေဆုံးမှု လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦ ပုံများ တင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်နှိုးကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနနှစ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ချင်းပြည်နယ်အစိုးရအဖွဲ့
သယံဇာတရေးရာဝန်ကြီးဌာန
ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ပိတ်ရက်ထပ်တိုးပြင်ဆင်ခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပလက်ဝ၊ ဖလမ်း၊ ဟားခါးနှင့် ကျီးခါးမြို့နယ်/မြို့များ၏ "ငွေကျပ်သန်း(၂၀၀)အထက်" လုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အပ်နှံဆောင်ရွက်လိုပါကြောင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာပြီးဖြစ်သော်လည်း တင်ဒါလျှောက်လွှာရောင်းချသည့်ကာလတွင် ချင်းပြည်နယ်အတွင်း မိုခါမုန်တိုင်းဖြတ်သန်းကျရောက်ခဲ့ပါသဖြင့် တင်ဒါလျှောက်လွှာတင်သွင်းမည့် ပိတ်ရက်အား (၁၈-၅-၂၀၂၃)ရက်အစား (၂၅-၅-၂၀၂၃)ရက်တွင် ရက်ထပ်တိုးပြင်ဆင်ခဲ့ပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ်ရက်များတွင် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

- တင်ဒါလျှောက်လွှာစတင်ရောင်းချ - ၂-၅-၂၀၂၃ရက်၊ နံနက်(၉:၃၀)နာရီ
- သည့်ရက်၊ အချိန်
- တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊အချိန် - ၂၅-၅-၂၀၂၃ရက်၊ ညနေ(၁၆:၀၀)နာရီ (ရက်ထပ်တိုးပြင်ဆင်)
- လျှောက်လွှာတင်သွင်းမည့်နေရာ - လုပ်ငန်းတည်ရှိသည့် သက်ဆိုင်ရာမြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ချိန်မီဝယ်ယူ၊ တင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ Website www.csmd.gov.mm နှင့် လုပ်ငန်းတည်ရှိသည့် ပလက်ဝ၊ ဖလမ်း၊ ဟားခါးနှင့် ကျီးခါးမြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ကြည့်ရှု၊ လေ့လာ၊ ဖတ်ရှုနိုင်ပါကြောင်းနှင့် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်၊ အချိန်နှင့်နေရာအား သီးခြားထုတ်ပြန် ကြေညာသွားမည် ဖြစ်ပါသည်။

တင်ဒါကော်မတီ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ် (၆၁/အေ) ဟု ခေါ်တွင်သော (၁၂ ပေခွဲ x ၅၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်း အတွက် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါနေအိမ်နှင့်မြေကွက်အား တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်အေး [၁၂/ကမတ(နိုင်)၀၃၂၀၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ အဖြစ် စရန်ငွေ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍နစ်နာမှု တစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ မြေနှင့်အိမ် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စိမ်စိမ်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၀၃)
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၉၂၈၁၁၀၃၊ ၀၉-၉၅၁၀၈၃၃၁

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၉၅၅)၊ အိမ်အမှတ်(၂၁၁)၊ ပြည်ထောင်စုလမ်း၊ မြေအကျယ်အဝန်း (၄၀ x ၆၀)ပေရှိ အမည်ပေါက် ဦးထွန်းတင် [၁၂/ပဘတ(နိုင်)၀၀၈၂၅၀] CQ-033456 ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်မှ အချုပ်အရှင်းမရှိမိတစ်ဦးတည်းသာ အမှန်တကယ်ပိုင်ဆိုင်သောမြေကွက်နှင့် နေအိမ်ဖြစ်ကြောင်း အဆိုပြုကမ်းလုမ်း ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အင်ကြည် [၁၀/မလမ(နိုင်)၁၁၃၉၆၉]၊ ဒေါ်စန္ဒာမော် [၁၂/ဒဂန(နိုင်)၀၂၈၀၉၇]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂)
အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၆၁၈၀၅၇၆

ကန့်ကွက်လိုက ထိုလုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ။ တရားရုံးအထောက်အထားစာရင်းရယူခြင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမပျိုးပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ					လျှောက်ထားသည်					လျှောက်ထားသည့်အကြောင်းအရာ
	ကိုယ်စားလှယ်လွှဲစာ(GP/SP)ရရှိသူ	မှတ်ပုံတင်အမှတ်	တင်ပြသည့်ကိုယ်စားလှယ်လွှဲစာအမှတ်နှင့်ရုံး	ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ	မှတ်ပုံတင်အမှတ်	မြို့နယ်	မြေတိုင်းရပ်ကွက်	မြေကွက်အမှတ်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဦးအောင်သူရ	၇/ညလပ(နိုင်) ၁၅၉၆၆၂	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၇၆၁ ၂/၂၀၂၃(၂၀.၄.၂၀၂၃)	အေကေသီလွင်	၈/မထန(နိုင်) ၀၁၂၄၂၈	အဂုံအရှေ့	၁၃၂	၁၃၅	အေကေသီလွင်	၁၉၅၊ အင်း၀လမ်း၊ (၁၃၂)ရပ်ကွက်	မြေပုံကူး(အရောင်း)
၂။	ဦးမျိုးနိုင်	၁၂/ဗဟန(နိုင်) ၀၇၇၂၂၆	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၇၆၁ ၂/၂၀၂၃(၂၀.၄.၂၀၂၃)	အေအားကြည်(ခ) ဒေါ်ပြုးနွဲ့	၁၃/တယန(နိုင်) ၀၁၆၆ဝ၃	အဂုံအရှေ့	၁၂၀	၂၀၈	အေအားကြည်(ခ) ဒေါ်ပြုးနွဲ့	၂၀၈၊ (၁၂၀)ရပ်ကွက်၊ အဂုံအရှေ့	မြေပုံကူး(အရောင်း)
၃။	ဦးမျိုးနိုင်	၁၂/ဗဟန(နိုင်) ၀၇၇၂၂၆	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၃၇၄၇/၂၀၂၃(၂၇.၂.၂၀၂၃)	အေအားကြည်(ခ) ဒေါ်ပြုးနွဲ့	၁၃/တယန(နိုင်) ၀၁၆၆ဝ၃	အဂုံအရှေ့	၁၂၀	၂၀၈	အေအားကြည်(ခ) ဒေါ်ပြုးနွဲ့	၂၀၈၊ (၁၂၀)ရပ်ကွက်၊ အဂုံအရှေ့	မြေပုံကူး(အရောင်း)
၄။	ဦးဖိုးလပြည့်	၁/ပဇတ(နိုင်) ၀၃၇၂၄၀	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၂၁၃၁/၂၀၂၃(၁၁.၁၀.၂၀၂၃)	ဦးမျိုးထွန်းဇော်+၁	၁/သကတ(နိုင်) ၁၃၉၄၀၅	သာကေတ	၁၀/တောင်	၁၃၆	ဦးဇော်မင်း	၁၃၆၊ သရက္ခာ၀တီ(၅)လမ်း၊ (၁၀/တောင်)ရပ်ကွက်	မြေပုံကူး(မြေကွက်ခွဲ)၊ မြေတိုင်း
၅။	ဦးကျော်သူထွန်း	၁/ပဘတ(နိုင်) ၀၃၁၇၁၅	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ် ၅၆၃၀/၂၀၂၃(၂.၁.၂၀၂၃)	ဦးထွန်းငွေ	၁/သကတ(နိုင်) ၁၃၉၄၆၁	သာကေတ	၁/အနော်မာ	၆၅၁/ခ	ဦးထွန်းငွေ	၆၅၁/ခ၊အနော်မာ(၁၅)လမ်း၊အရှေ့(၁)အနော်မာ	
၆။	ဒေါ်ကြည်ကြည်စိန်	၁/သကတ(နိုင်) ၀၉၃၁၄၅	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး GPအမှတ် ၁၇၃၃၀/ ၂၀၁၄(၂.၅.၂၀၁၄)	အေသောင်းမြ	၁/သကတ(နိုင်) ၀၉၉၅၉၂	သာကေတ	၁/ထူးမ်ရံ	၁၁၃၇	အေသောင်းမြ	၁၁၃၇၊ ထူးမ်ရံ(၁)လမ်း၊ (၁)ရပ်ကွက်	မြေပုံကူး(အရောင်း)
၇။	ဦးအောင်အောင်ပြိုး	၉/မရမ(နိုင်) ၀၀၉၃၂၄	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ် ၇၄၃၆/ ၂၀၁၁(၄.၅.၂၀၁၁)	ဦးဩသိန်း	၁/ဥကတ(နိုင်) ၀၃၉၆၀၂	သဃန်းကျွန်း	ကြီးပွားရေး/မြေတော်ပြယယုံအိပ်ရာ	၅၁/B	ဦးအောင်အောင်ပြိုး	၅၁/Bပြယယုံကမ်းနားလမ်း၊ကြီးပွားရေး ရပ်ကွက်	မြေပုံကူး(အရောင်း)
၈။	အေ၊လှလှရီ	၁/တမန(နိုင်) ၀၅၂၉၁၁	ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး GP အမှတ် ၇၇၉၅/ ၂၀ ၂၀(၁၀.၇.၂၀ ၂၀)	အေတင်ရီ	၁/တမန(နိုင်) ၀၄၃၉၃၄	တာမွေ	ဥအေ	၁၁၀/၁၁၁	ဦးမောင်ကလေးနှင့်အမြဲ	၁၆.A(၁၅၅)လမ်း၊တာမွေကြီး(က+ဝ)ရပ်ကွက်	မြေပုံကူး(အမှာပြင်)
